မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၁၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၅၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်ရှိ ဒဂုံတံတားခန်းဖွင့်အား သံကူကွန်ကရစ် ကြမ်းခင်း သွန်းလောင်းခြင်း အခမ်းအနားတွင် ကွန်ကရစ်တွန်းမှုတ်ပေးသည့် (Concrete Pump Truck) ၏ စက်ခလုတ်ကိုနှိပ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။
(ဆောက်လုပ်ရေး)

အရှည်ပေ ၄၅၄၀၊ ခွင့်ပြုတန်ချိန် ၇၅ တန်ရှိသည့် ဒဂုံတံတား အပြီးသတ်ကွန်ကရစ်သွန်းလောင်း တံတားလက်ရန်းနှင့် အချောသပ်လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းက ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ဒဂုံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

အားပေးချီးမြှင့်

ဒဂုံတံတားတည်ဆောက်ရေးလုပ်ငန်းခွင်တွင် တံတားကြီးပေါ်၌ ရန်ကုန်ဘက်ကမ်းမှ သန်လျင်ဘက်ကမ်းသို့ သံကူကွန်ကရစ်ရက်မများအားလုံး နေရာချပြီးသဖြင့် ရေလယ်တိုင် (P-11)မှ(P-12) သို့ သံကူကွန်ကရစ်ကြမ်းခင်း ခြောက်လမ်းသွားအကျယ်ကို သုံးလမ်းသွားအထိ သွန်းလောင်းပြီးစီး၍ အပြီးသတ်တံတားခန်းဖွင့်အား သံကူကွန်ကရစ် ကြမ်းခင်းသွန်းလောင်းခြင်း အခမ်းအနားသို့ တက်ရောက်၍ ကွန်ကရစ်တွန်းမှုတ်ပေးသည့် (Concrete Pump Truck)၏ စက်ခလုတ်ကိုနှိပ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ကွန်ကရစ်သွန်းလောင်းနေမှုကို အားပေးချီးမြှင့်သည်။

စာမျက်နှာ ၅ ကော်လံ ၆

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

တရားစီရင်ရေးနယ်ပယ်မှာ စကားပြောသောသက်သေနှင့် စကားမပြောသော သက်သေဆိုပြီး သက်သေနှစ်မျိုးရှိပါတယ်။ စကားပြောသော သက်သေ(လူ)တွေဟာ တရားရုံးမှာ ကျမ်းကျိန်ပြီး ထွက်ဆိုချက်ပေးကြတဲ့အခါမှာပင် လိမ်လည်ထွက်ဆိုတတ်ကြပါတယ်။ ဒါကြောင့် တရားစီရင်တဲ့ တရားသူကြီးတွေဟာ စကားပြောတဲ့ သက်သေထက် စကားမပြောသောသက်သေကို ပိုမိုအလေးထားပြီး ဆုံးဖြတ်တတ်ကြပါတယ်။ ကျွန်တော် ရောက်ခဲ့တဲ့ သဖန်းဆိပ်ဆည်ကြီးဟာ စကားမပြောသော သက်သေကြီးတစ်ခုပါ မစု။ တပ်မတော်အစိုးရဟာ မစုကို VIP တစ်ယောက်လို သဘောထားပြီး တပ်မတော်အစိုးရရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို လှည့်လည်ပြသခဲ့ပါတယ်။ အဲဒီအချိန်မှာ မြန်မာပြည်သူလူထုတစ်ရပ်လုံးက တပ်မတော်အစိုးရနဲ့ မစု လက်တွဲကြမယ်ထင်ပြီး ဝမ်းမြောက် ဝမ်းသာဖြစ်ခဲ့ကြရပါတယ်။ ဒါပေမယ့် မစုဟာ စကားမပြောတဲ့သက်သေတွေကို အလေးမထားဘဲ ပယ်ချခဲ့တယ်နော်။

ငါးမင်းဆွေ၏ ဆောင်းပါး (စာ ၈-၉) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

18-6 (01) 1 6/17/07, 1:22 PM

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်းကထူထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန် ၁၈ ရက်)

လူကုန်ကူးမှု ကာကွယ်တိုက်ဖျက်ရေး အစွမ်းကုန် ကြိုးပမ်းသွားမည်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၀၇ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့သော လူကုန်ကူးမှု အစီရင်ခံစာသည် ၎င်းတို့မလိုလားသော နိုင်ငံများကိုသာ ရွေးချယ်ဖော်ပြထားသည်ကို တွေ့ရသည်။

အမေရိကန်နိုင်ငံသည် နိုင်ငံတကာ လူကုန်ကူးမှုကိုတိုက်ဖျက်ရန် ရည်ရွယ်လုပ်ဆောင်နေသည်ဟုဆိုသော်လည်း အစီရင်ခံစာတွင် ရည်ရွယ်ချက်နှင့် ကိုက်ညီမှုမရှိသည့်အပြင် မြန်မာနိုင်ငံက လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် စွမ်းစွမ်းတမံကြိုးပမ်းနေမှုများကို အပြည့်အစုံ ဖော်ပြထားခြင်း မရှိကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံသည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ၌ အာရှဒေသအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးစီမံကိန်း နားလည်မှုစာချွန်လွှာ၊ ၂၀၀၄ ခုနှစ်တွင် နိုင်ငံဖြတ်ကျော် မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ စာချုပ်များဖြစ်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လူမှောင်ခိုတိုက်ဖျက်ရေး စာချုပ်များတို့ကို ပါဝင်လက်မှတ်ရေးထိုးပြီး ထိရောက်စွာ လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံ၌ ၂၀၀၅ ခုနှစ်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းပြီး ကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။ ထို့အပြင် လူကုန်ကူးမှု တားဆီးရေးဆိုင်ရာ စာစောင်များ၊ သတင်းဆောင်းပါးများ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှလည်း ပညာပေးလုပ်ငန်းများကို ဖြန့်ဝေထုတ်လွှင့်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် လူကုန်ကူးမှုအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းရှိ NGO အဖွဲ့အစည်းများ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ သိသာထင်ရှားသော အောင်မြင်မှုများ ရရှိလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံသူ နိုင်ငံသားများအတွက် သာလွန်ကောင်းမွန်သည့် အနာဂတ် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဆုတ်မနစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို မျက်ကွယ်ပြု၍ ဆန့်ကျင်ဘက် အမြင်များဖြင့် တုံ့ပြန်မှုများရှိစေကာမူ လူကုန်ကူးမှု ကာကွယ်တိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို အစွမ်းကုန်ကြိုးပမ်းသွားမည်သာ ဖြစ်သည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက် ရေးအတွက်အလှူရှင် ဦးဘိုကျော်၊ ဒေါ်ခင်အုန်းကြည် (ဖြိုး နေ စတိုး) မိသားစု ခေမာသီလမ်း မြောက်ဥက္ကလာပမြို့နယ်က အလှူငွေကျပ်နှစ် သိန်း ကို ပြင် သစ် နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကျောင်းသားကျောင်းသူများ ရောဂါကင်းဝေး၍ ကျန်းမာစေရန်ရည်ရွယ် ကျန်းမာရေးအဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ဝန်ကြီး ဒေါက်တာကျော်မြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၉နာရီက နေပြည်တော် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေး အဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း လှုပ်ရှားမှုအစီအစဉ်တစ်ရပ်ကို ကွင်းဆင်းကြည့်ရှုသည်။

ကြည့်ရှုအားပေး

လှုပ်ရှားမှု အစီအစဉ်များအဖြစ် ကျောင်းတွင်းကျောင်းပြင် ပိုးသတ်ဆေးဖျန်းခြင်း၊ မှုတ်ခြင်း၊ စာသင်ခန်း ခန်းဆီးများ ပိုးသတ်ဆေးစိမ်ခြင်း၊ နေပြည်တော်ရှိ ပညာရေးဝန်ထမ်းများအား ကျောင်းကျန်းမာရေး ပညာပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများ၏ ခြင်အန္တရာယ်တို့ ကာကွယ်သရုပ်ပြခြင်း၊ ကျောင်းအဆင့် ကျောင်းကျန်းမာရေးနှင့် သွေးလွန်တုပ်ကွေး ကာကွယ်ရေးပြခန်းငယ်ဖြင့် ပညာပေးခြင်းနှင့်ကျောင်းရေကန်ကို ကလိုရင်းဆေးခပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးသည်။

ကျန်းမာရေးအဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်များ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ခြင်း လှုပ်ရှားမှု အစီအစဉ်များကို ကျောင်းသား ကျောင်းသူများ ရောဂါကင်းဝေး၍ ကျန်းမာစေရန် အတွက်ဆောင်ရွက်လျက်ရှိသည့်ကျန်းမာရေးအဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်များအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကူးစက်ရောဂါ ကာကွယ်ရေး၊ မှန်ကန်ကျန်းမာရေး အလေ့အကျင့်များ ကျင့်သုံးရေးစသည့် ကျန်းမာရေး အဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်ခြင်းဖြင့် မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများအား ကြိုတင်ကာကွယ်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်သည်။

တက်ရောက်

ယင်းလှုပ်ရှားမှု အစီအစဉ်သို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများသည် တိုင်းရင်းဆေးပညာဦးစီးဌာန ပရဆေးဥယျာဉ်သို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှု တိုးတက်မှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းရင်းဆေး ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် နေပြည်တော်ခုတင် (၃၀၀) ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းက ရောဂါရှာဖွေရေးစက်ကြီးများ အသုံးပြုမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီးများ နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးအဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အမှတ် (၆၊ ခ) သီရိ ရတနာလမ်း သီရိရတနာ ရိပ်သာဘောက်ထော် သဃ်န်းကျွန်း မြို့နယ်နေ ဦးဝင်းနိုင် - ဒေါ်နီနီ မိသားစုက ဗဟန်း မြို့နယ် ဇီဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးနှင့် ငွေပဒေသာပင်အတွက် ငွေကျပ် ၃၆၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးကိုကိုကြီးက လက်ခံယူစဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တပ်ကုန်းမြို့နယ်ရှိ မွေးမြူရေးဇုန်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၁၆ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာ မွေးမြူရေးဇုန်(၁)ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) နို့စားနွား မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း (ဗဟို) ဆိတ်မွေးမြူရေးခြံကို လည်းကောင်း၊ သိုးမွေးမြူရေးခြံကို လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းရှင် ဦးသန်းဌေးနှင့်အဖွဲ့၏ CP ဆိတ်မွေးမြူ ရေးခြံကိုလည်းကောင်းသွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက မွေးမြူရေး အထောက်အကူပြု စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားရန်၊ မွေးမြူထားရှိသော တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဂရုပြုဆောင်ရွက်သွားရန် မှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးလုပ်ငန်းရှင်များဖြစ်သော ဦးအောင်မင်း၏ ဆိတ်မွေးမြူရေးခြံကို လည်းကောင်း၊ ဦးကျင်စု၏ ဆိတ်မွေးမြူ ရေးခြံကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းပေး

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ၊ မွေးမြူရေးဇုန်(၂)ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးမောင်မောင်လွင်၏ နို့မှုန့်နှင့် နို့ချက်စက်ရုံ တည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ၂၈ရက်က ဗိုလ်မှူးကြီးအနံးခင် (ငြိမ်း) ဦးဆောင် ညွှန်ကြားရေးမှူး (ကုန်သွယ်/လယ်ယာ) (ငြိမ်း)နှင့် ဇနီးဒေါ်သန်းရည်၊ ညွှန်ကြားရေးမှူး စက်မှု(၂)(ငြိမ်း) တို့၏ မင်္ဂလာနှစ်ပတ်လည်အတွက် ရန်ကုန် အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး၏ လိုအပ်သည့်နေရာတွင်အသုံးပြုရန် အလှူငွေကျပ် ၂၀၀၀၀၀နှင့် ချို့တဲ့နွမ်းပါးလူနာများ အာဟာရအတွက် အလှူငွေကျပ် ၅၀၀၀၀ကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကြင်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

■ ကျောဖုံးမှ

ရဲရွာရေအား လျှပ်စစ်စက်ရုံစီမံကိန်းမှ မိတ္ထီလာ ဓာတ်အားလိုင်း၊ ဘဲလင်းမှ မိတ္ထီလာ ဓာတ်အားလိုင်း စီမံကိန်းများ၌ အသုံးပြုရန်အတွက် တရုတ်နိုင်ငံ (CHMC)ကုမ္ပဏီမှ ပေးပို့တင်သွင်းရောက်ရှိလာသော Mobile Self Loading Concrete Mixers ရှစ်လုံး၊ Two Wheel Drive Dumpers of 5[t] Capacity ရှစ်စီး၊ Wheel Loader (ZL 30) With a Shovel နှစ်စီးနှင့် Wheel Loader (ZL30)With a Fork လေးစီးတို့ကို လက်ခံရရှိမှုအခြေအနေ၊ ယာဉ်ယန္တရားနှင့် ဆက်စပ်ပစ္စည်းများ ပြည့်စုံကောင်းမွန်စွာ လက်ခံရရှိမှုအခြေအနေ၊ ယာဉ်ကြံ့ခိုင်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(ပြည်ပ) ဦးထင်လင်းအောင်က ရဲရွာရေအားလျှပ်စစ်စီမံကိန်း Line and Sub Stationလုပ်ငန်းအတွက်လိုအပ်သော Tools and Erection Equipment များ၊ တရုတ်နိုင်ငံ (CHMC)ကုမ္ပဏီမှ ပေးပို့ တင်သွင်းလာသည့် အခြေအနေများ၊ ကန်ထရိုက်စာချုပ်အရ ဖော်ပြထားမှုနှင့် လက်ရှိတင်သွင်းလာသော ယာဉ်နှင့် စက်ပစ္စည်းများအခြေအနေ၊ ရန်ကုန်သီလဝါ ဆိပ်ကမ်းမှ စနစ်တကျ ရွှေ့ယူ လွှဲပြောင်းပေးခဲ့မှု အခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှ ဘဲလင်းနှင့် ရွှေစာရံ ဓာတ်အားခွဲရုံလိုင်း၊ ရဲရွာမှ မိတ္ထီလာလိုင်း ဘဲလင်း–မိတ္ထီလာဓာတ်အားလိုင်းများအတွက် မှာယူထားသော ပစ္စည်းများ အချိန်မီပေးပို့ ဆောင်ရွက်သွားကြရန်နှင့် စာချုပ်ပါအတိုင်း ပစ္စည်းများ မှန်ကန်စေရေး အလေးထားဆောင်ရွက်ပေးစေလိုကြောင်း၊ ပေးပို့လာသော ယာဉ်ယန္တရားများကို စတင်ရောက်ရှိ၊ သုံးစွဲရက်စွဲ၊ ယာဉ်တန်ဖိုးများရေးသား၍ ယာဉ်ရာဇဝင်မှတ်တမ်းများ စနစ်တကျ ရေးသားထားရှိရန် လိုအပ်ကြောင်း၊ ဝန်ထမ်းတိုင်းကလည်း ရွက်ကုန်လှေ တက်စုံဖွင့်သကဲ့သို့ စွမ်းအားမြှင့်တင်ပြီး လုပ်ငန်းတိုင်း တိုးတက်အောင်မြင်အောင် ပူးပေါင်းစွမ်းဆောင်သွားကြရန် လိုအပ်ကြောင်း မှာကြားပြီး ရောက်ရှိလာသော ယာဉ်ယန္တရားများနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ကျွမ်းကျင်သည့် ယာဉ်မောင်းများဖြင့် ယာဉ်မောင်းနှင် ပြသမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တည်ဆောက်လျက်ရှိသည့် ဓာတ်အားခွဲရုံများတွင် အသုံးပြုမည့် Circuit Breaker/Switchger များထုတ်လုပ်မည့် စက်ရုံတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိလာရာ Gunkul Eng'g Supply Co., Ltd. ဦးဆောင်ညွှန်ကြားရေးမှူး ဦးဖေယျာသူရမွန်က စက်ရုံအဆောက်အအုံ တည်ဆောက်မှုပုံစံနှင့် တည်ဆောက်မှုအဆင့်ဆင့် တို့ကိုလည်းကောင်း၊ အလင်းရောင်နှင့် လေကောင်းလေသန့်အတွက် Air Conditioners များ တပ်ဆင်အသုံးပြုမှု အခြေအနေတို့ကိုလည်းကောင်း လိုက်လံရှင်းလင်းပြသသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က စက်ရုံတည်ဆောက်နေမှုနှင့်အခန်းဖွဲ့စည်းဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၁၇ ရက်က ဒဂုံမြို့နယ် အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း၏မိုးရာသီသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး စီမံချက်အရ ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကိုကို ဦးစီး၍ ကျန်းမာရေးဝန်ကြီးဌာန ဗဟိုရောဂါတိုက်ဖျက်ရေးဌာနက ကျောင်းဝင်းအတွင်း ခြင်၊ ယင် ကင်းစင်ရေးအတွက် ကာကွယ်ဆေးများ ပက်ဖျန်းကြစဉ်။
(က–ပ)

ကျေးရွာစာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်လှူဒါန်း

ရန်ကုန် ဇွန် ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်၊ ရုပ်မြင်သံကြားပြစက်၊ ကက်ဆက်၊ ရေဒီယိုလှူဒါန်းပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဇွန် ၁၅ရက်က ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီအောင်ကအမှာစကားပြောကြားပြီး လှူဒါန်းပစ္စည်းများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြအေးက ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌက လက်ခံရယူပြီး ကျေးရွာစာကြည့်တိုက်ဥက္ကဋ္ဌများသို့ ပြန်လည်ပေးအပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဆောင်ရွက်ရန် နှိုးဆော်

နေပြည်တော် ဇွန် ၁၇

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ၊ နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၇–၂၀၀၈ ခု ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ၂၀၀၇ ခုနှစ် ဇူလိုင် ၁၅ ရက်(တနင်္ဂနွေနေ့)ကို ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် သတ်မှတ်ထားပြီးဖြစ်သဖြင့် အဆိုပါနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

* မြူဆွယ်ကာ ပူးရစ်ထွေးလာတဲ့
မူးယစ်ဆေး သူယောင်မယ်၊
ကျွမ်းဝင်ကာ အကဲစမ်းလို့
စွဲလမ်းခင်တွယ်။
ကျုံ့ရင်းနစ် မြှူးသဖွယ်
ရုန်းမလွယ် အခက်ပွား၊
အတွေးလွန် ဆေးနွံနစ်ကာ
မူးယစ်ပျော်ပါး။

* မူးယစ်ပျော် စရိုက်ယွင်းပျက်
မိုက်တွင်းနက် အမှုပွေ၊
မဆင်ခြင် ထင်ရာစိုင်းလို့
ရိုင်းလွန်းလှပေ။
အဆိပ်မှိုင်းရယ်ကြောင့်
စိတ်ထိုင်းလို့တွေဝေ
ပေတေတေ အသေစော၊
မသေမီ စိတ်ချောက်ချားကာ
ဖောက်ပြားလွင့်မျော။

* စိတ်ဖောက်ပြန် လူလုံးမလှ
ယူကျုံးမရ နာကြည်းဖွယ်၊
မူးယစ်အန္တယ် ဆေးဝါးမျိုးက
ဘေးဆိုးတွေကြွယ်။
လူတိုင်းရဲ့ ရန်စွယ်
အန္တရာယ် ကြီးမား၊
ဒုက္ခစုံ သောကပေးနေတဲ့
သွေးစုပ်ကောင်အလား။

* ဒုက္ခစုံ သောကပေးနေတဲ့
မူးယစ်ဆေး အဝေးနှင်၊
အတွေးတူ ဖေးကူဝိုင်းပါလို့
လူတိုင်းပါဝင်။
မူးယစ်ဆေး ဆန့်ကျင်
သန့်စင်တော့ ငြိမ်းအေး၊
လူ့ဝန်းကျင် ကောင်းကျိုးဆင့်
ဂုဏ်တင့်တယ်လေး။ ။

ကိုကြီးကျော် (ပညာရေးသုတေသန)

မြဝတီရုပ်မြင်သံကြား

၁၈–၆–၂၀၀၇
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၁၀ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၁။ လျှပ်တစ်ပြက်
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဤမှန်သော သစ္စာတရားကြောင့်** (အပိုင်း–၁၂)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ မိုးလေဝသသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ မေးမြန်းစူးစမ်း
၁၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** [ဒုတိယတွဲ] (အပိုင်း–၅)

*** ကျောဖုံးမှ**

ဦးစိန်ထွန်း၏ ပံ့ပိုးကူညီမှု၊ သနပ်ပင်မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးမှူး ဦးသန်းလှိုင်တို့၏ ဆောင်ရွက်ပေးမှုဖြင့် မိုးများသည်းထန်စွာ ရွာသွန်းနေသည့်ကြားမှပင် ဒေသ ဘဲမွေးမြူရေးလုပ်ငန်းကို အသေးစိတ်လေ့လာခွင့် ရရှိခဲ့သည်။

ရိုးရာလုပ်ငန်း

သနပ်ပင်မြို့၏ ရေမြေသဘာဝ ရာသီဥတုသည် ဘဲမွေးမြူရန်အတွက် အကိုက်ညီဆုံးသော နေရာဒေသဖြစ်နေသည်။ ဒေသခံတို့၏ ရိုးရာလုပ်ငန်းသဖွယ်ဖြစ်နေပြီး မိသားစုတစ်စုတွင် အနိမ့်ဆုံးကောင်ရေ ၃၀၀ နှင့် ၄၀၀ ကြားတွင် မွေးမြူကြသည်။ ထို့ကြောင့်လည်း ဤဒေသသည် တစ်ပြည်လုံးတွင် ဘဲသားပေါက်ဖြန့်ဖြူးမှု၊ ဘဲဥဖြန့်ဖြူးမှုတွင် အများဆုံးဒေသဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။

မိရိုးဖလာ ခတ်ဘဲ လေဥဖောက်လုပ်ငန်းကို သိပ္ပံနည်းကျပစ္စည်းဖြစ်သော အပူချိန်တိုင်း သာမိုမီတာ၊ ဥစမ်းကိရိယာ၊ အထီးအမခွဲခြား ကိရိယာများကို အသုံးပြုခြင်းမရှိ၊ လူ၏လုပ်အား၊ ကျွမ်းကျင်မှုအပေါ် မူတည်ပြီး လုပ်ကိုင်သော လုပ်ငန်းဖြစ်ကြောင်း မြို့နယ်မွေးမြူရေးဆိုင်ရာ ဥက္ကဋ္ဌ ဦးမြင့်စိုးခိုင်က ရှင်းလင်းပြောပြသည်။ ဘဲခြံကို တည်ဆောက်ရာမှာ ဒေသထွက်ပစ္စည်းဖြစ်သော သစ်၊ ဝါး၊ စပါးခွံတို့ကိုသာ အသုံးပြု၍ တည်ဆောက်ထားခြင်းဖြစ်သည်။

အပူချိန်

ဥဖောက်ခြင်းတွင် ဘဲဥမှ ဘဲသားပေါက်ရန်လိုအပ်သော အပူပမာဏကို လောင်စာစွမ်းအင်မသုံးဘဲ စပါးလှော်မှ အပူရှိန်ဖြင့်လည်းကောင်း၊ တစ်ရက်ပြီးတစ်ရက် အပူချိန်တက်လာသော ဘဲဥအချင်းချင်း ရက်ရင့်သောဥ(အပူပိုမြင့်သောဥ)မှ ရက်နုသောဥ(အပူချိန် နိမ့်သောဥ)သို့ အပူကူးပြောင်းခြင်း နည်းစနစ်ဖြင့်လည်းကောင်း၊ လိုအပ်သည့် အပူချိန်ကို ထိန်းညှိရယူသည့် စနစ်ဖြင့် အပူချိန်ကို ရယူသည်။

အလျား တစ်ကိုက်၊ အနံ ငါးကိုက်၊ အမြင့် ၃၂ လက်မရှိသော သစ်သားသေတ္တာ(ပျဉ်ကျင်းအိုး)ထဲတွင် ဥဝပ်ကျင်းယိုင်ခွေ ခြောက်ခုကို စီ၍ထည့်ရသည်။ ယိုင်ခွေတစ်ခုနှင့် တစ်ခုကြား လပ်နေသောနေရာများတွင် စပါးခွံများကို ပျဉ်ကျင်းအိုးအပြည့် ထည့်ရသည်။ စပါးခွံထည့်ရခြင်းမှာ အပူထိန်းချုပ်ရန်အတွက် ဖြစ်သည်။ ပထမငါးရက် ဥဝပ်ကျင်း(ပထမကျင်း) ထဲသို့ ထည့်မည့် မျိုးဥများကို ဦးစွာ ရွေးချယ်ရသည်။ မျိုးဥများသည် ရေမစိုရ၊ ဘဲချေးမပေကျံရ။ ဥပေါက်ရန်သံသယရှိသည့် မျိုးဥများအား တစ်အုပ်စုလျှင်တစ်လုံး ဥခွံကိုခွဲ၍ စစ်ဆေးရသည်။

အတွေ့အကြုံ

မျိုးဘဲဥများကို အပူချိန် ၁၀၀ ဒီဂရီ ဖာရင်ဟိုက်ခန့်ဖြစ်လာအောင် နေပူလှန်းရသည်။ အကယ်၍ နေမပူဘဲ မိုးရွာပါက ဥများကို သံဆန်ခါပေါ်တင်၍ ၁၀၀ ဒီဂရီဖာရင်ဟိုက်ခန့် ဖြစ်လာအောင် ထင်းမီးဖြင့် အပူပေးရသည်။ အကြောင်းမှာ ဥဖောက်လုပ်ငန်းကို မိုးတွင်းကာလ နယုန်လမှ သီတင်းကျွတ်လအထိ အများဆုံးလုပ်ကိုင်ရသောကြောင့် ဖြစ်သည်။ မျိုးဥများကို နေပူလှန်းပြီး ၁၀၀ ဒီဂရီဖာရင်ဟိုက်ခန့် ရှိမရှိကို ပါးပြင်နှင့် ကပ်၍ကြည့်ကြသည်။ ဤသို့ ပါးပြင်နှင့် ကပ်

လူ၏လုပ်အား၊ ကျွမ်းကျင်မှုအပေါ် မူတည်ပြီး လုပ်ကိုင်သော လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။

ဦးမြင့်စိုးခိုင်
မြို့နယ်မွေးမြူရေးဆိုင်ရာဥက္ကဋ္ဌ

ကြည့်၍ရခြင်းမှာလည်း လုပ်ငန်း၏ အတွေ့အကြုံအရ ကျွမ်းကျင်စွာ နားလည်သိရှိနေသောကြောင့် ဖြစ်ကြောင်း သိရသည်။

မျိုးဘဲဥများကို ပထမငါးရက်ကျင်း၊ ဒုတိယငါးရက်ကျင်း၊ တတိယငါးရက်ကျင်း စသည်ဖြင့် သတ်မှတ်ထားသည့် ရက်အတိုင်း ဥကျင်းထဲတွင် အောက်ခြေမှ အပေါ်ဆုံးအထိ အစဉ်လိုက် စပါးထုပ်နှင့် ဥစိမ်းထုပ်များကို ထည့်ရသည်။ စပါးထုပ်များမှာ လှော်ပြီး စပါးလှော်ထုပ်ဖြစ်သည်။

ပထမငါးရက်ပြည့်သော ဥများကို ဖော်ပြီး မျိုးအောင်မည့် ဥများကို ပထမဦးဆုံးအကြိမ် စစ်ဆေးရွေးချယ်ရသည်။ စစ်ဆေးရာတွင် ကိရိယာမသုံးဘဲ မျိုးဥများကို ၁၀၀ ဝပ်အားရှိသော မီးလုံးရှေ့တွင် ထောင်ထားပြီး မျက်လုံး

ကျေးရွာတစ်ရွာ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု

အမြင်အားဖြင့် အတွေ့အကြုံအရ ရွေးချယ်ခြင်းဖြစ်သည်။ မျိုးဥသုံးမျိုးခွဲထားကြောင်း၊ ဥနောက်၊ ဥဖြူနှင့် သားကောင်ဥတို့ဖြစ်သည်။ ဥနောက်နှင့် ဥဖြူကိုပယ်၍ သားကောင်ဥများကို ဒုတိယငါးရက် ဝပ်ကျင်းထဲသို့ ဆက်ထည့်ရသည်။

ဥဖောက်စင်

ပထမ ငါးရက်ကျင်းမှစ၍ စတုတ္ထကျင်း ရောက်သည်အထိ ထည့်ထားသည့်မျိုးဥများသည် ၁၅ရက်သားရှိလာပြီဖြစ်၍ ဤကျင်းတွင် သုံးရက်သာထားပြီး ဥဖောက်စင်ပေါ်သို့ တင်ရသည်။ ဥဖောက်စင်ပေါ်တွင် ရက်သားအလိုက် အလုံး၈၀ မှ အလုံး၄၀၊ အလုံး၅၀ တစ်ထုပ်ထုပ်ပြီး စပါးလှော်၊ ဂုန်နီအိတ်၊ စောင်အုပ်ရသည်။ ဥဖောက်စင်ပေါ်တွင် ၂၈ ရက်သားပြည့်၍ အကောင်ပေါက်သည်အထိ ၁၀ ရက်ထားရသည်။ မျိုးဥစထည့်သည့် အချိန်မှ အကောင်ပေါက်သည်အထိ ၂၈ရက်ကြာကြောင်း သိရှိရသည်။ ၂၈ ရက်သားပြည့်၍ ဘဲသားပေါက်လာပါက ဘဲသားငယ်များကို ဝါးဖြင့်ပြုလုပ်ထားသည့် ခြင်းပြားကြီးများနှင့် ထည့်ထားရသည်။ ဥပေါက်ပြီး ၁၈နာရီတွင် အစာစကျွေးနိုင်သည်။

ဥနှုန်း၊ သားပေါက်နှုန်း ကြီးထွားမှုနှုန်းတို့သည် မျိုးဥသန့်ရှင်းမှုပေါ်တွင် မူတည်ပြီး အလွန်အရေးကြီးကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် FAO နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကွင်းဆင်း၍ ကြည့်ရှုစစ်ဆေးခြင်း၊ ထိုင်း၊ ဂျပန်၊ တရုတ်တို့မှ ပညာရှင်များ လာရောက်၍စစ်ဆေးခြင်း ၊ ရောဂါစူးစမ်းလေ့လာရှာဖွေရေးအဖွဲ့မှ လာရောက်၍ စစ်ဆေးပြီး နှစ်လအတွင်း သွေးဖောက်၍ ခြောက်ကြိမ်စစ်ဆေးခဲ့ပြီး ရောဂါရှာဖွေခြင်း၊ သွေး၊ စွန့်ပစ်ပစ္စည်း (မစင်)ကို ဗဟိုခတ်ခွဲခန်းသို့ ယူ၍ ရှာဖွေခဲ့ကြောင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာထွန်းလှစိန်၊ သနပ်ပင်မြို့နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ဒေါက်တာခင်မောင်မြင့်တို့က ရှင်းလင်းပြောပြသည်။

အများဆုံးဝယ်ယူ

ဖြန့်ဖြူးမှုအပိုင်းတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့သည် အဓိက အများဆုံးဖြစ်ပြီး နေပြည်တော်၊ မကွေး၊ ရေနံချောင်း၊ ချောက်၊ ရန်ကုန်တိုင်းများသို့ ဘဲဥအများဆုံး ဖြန့်နိုင်ကြောင်း သိရသည်။ ဥနှုန်းကောင်းရန်အတွက် သက်တမ်းတစ်နှစ်အထိသာ အများဆုံးထားပြီး အကောင်များကို ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်က အများဆုံး ဝယ်ယူကြောင်း သိရသည်။

ပဲခူးတိုင်း သနပ်ပင်မြို့သည် စိုက်ပျိုးရေးလုပ်ငန်းအဖြစ် ပဲတီစိမ်းနှင့် စပါးများကိုလည်း စိုက်ပျိုးနိုင်ပြီး ဒေသ ဘဲမွေးမြူရေးနှင့် မိရိုးဖလာ ဘဲသားဖောက်လုပ်ငန်းသည် နိုင်ငံတော်အတွက် အသားစားနှင့် ဥများကို အများဆုံး ဖြည့်ဆည်းပေးနိုင်သော မြို့တစ်မြို့ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ၍ ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပဲခူးတိုင်း သနပ်ပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ မွေးမြူထားသော ဒေသဘဲများကို ဤသို့တွေ့ရသည်။

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၃)ဖြန့်ချိ

ရန်ကုန် ဇွန် ၁၇

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၃)တွင် ဆရာကိုကို(စက်မှုတက္ကသိုလ်)၏ အွန်စောတို့ဌာနေ အခန်းဆက်ခရီးသွားဆောင်းပါး၊ ကမ္ဘာကိုဖောက်ပေါက်နေသော ကိုရီးယားရုပ်ရှင်များနှင့်အတူ၊ အိမ်ရာစီမံကိန်းများ ရန်ကုန်မြို့တော်စည်ပင်၏ အတည်ပြုချက်ရမှသာ ဖော်ထုတ်ခွင့်ပြုမည်၊ အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှု မြန်မာမမှု၊ ပညာလို အိုသည်မရှိ ၈၀ မှာ ဘွဲ့ရပြီ၊ အစ္စရေးနိုင်ငံ အခြေစိုက် ကွန်တိန်နာတင်သင်္ဘောလိုင်းအတွက် ကျွမ်းကျင် မြန်မာသင်္ဘောသားများ ရယူလို၊ ကမ္ဘာ့အကြီးဆုံး မြန်မာ့ပုလဲနှစ်လုံး ကျောက်မျက်ပြတိုက်တွင် ထိန်းသိမ်းထားဆဲ၊ မြို့တော်အခမဲ့ဆေးခန်းများ ရန်ကုန်တိုင်းတစ်တိုင်းလုံး ဖွင့်မည် စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'ဘောလုံးပွဲတစ်ပွဲ၏ရသနှင့် ပြဿနာရှာသူ ပြဿနာဖြေရှင်းသူတို့၏ ပဋိပက္ခ' အားကစားဆောင်းပါးနှင့်အတူ နတ်ကြီးသော တက္ကသိုလ်ဝင်စာမေးပွဲကျောင်းသားကိုသာမက မိဘကိုပါ ခြောက်လှန့်၊ ဟာဝေယံ ကနူးရွက်လှေ ဟိုကူလီယာ၏ သမိုင်းဝင်ခရီး၊ တရုတ်နိုင်ငံတွင် တရားမဝင် သွေးစုဆောင်းခြင်း နှိမ်နင်း၊ အဂတိလိုက်စားမှု ကင်ဆာရောဂါကို အမြစ်မှနုတ်ပယ်ရန် ထိုင်းဝန်ကြီးချုပ်ကတိပြု၊ အာရှဈေးကွက်တွင် ရေနံဈေးကျနေ စသည့်နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်တောင်ပိုင်းခရိုင်၏ ၂၀၀၇–၂၀၀၈ ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကို ဇွန် ၁၁ ရက်က သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဝင်း စီမံကိန်းရည်မှန်းချက် အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ရေး ဆွေးနွေးမှာကြားစဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၁၈–၆–၂၀၀၇ ရက်

(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၀	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၅	၈။	မံဆောင်းတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar made Easy

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (မြန်မာစာ အထူးပြု) [မြန်မာစာ]
၁၇း၁၅	၆။	အကပဒေသာ
၁၇း၂၅	၇။	မြန်မာစာ မြန်မာစကား
၁၇း၃၅	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၇း၄၅	၉။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
၁၇း၅၀	၁၀။	**ဒီအိုတီအက်(စ်)** ဖိုးဖြူ၊ ကျော်ထူး၊ ခိုင်သင်းကြည်၊ ကြူကြူသင်း (ဒါရိုက်တာ–သိန်းဟန်)
၁၈း၀၀	၁၁။	ညနေခင်းသတင်း
၁၈း၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၃။	အလှရာမယ် လှကမ္ဘာဝယ်
၁၉း၀၀	၁၄။	**အချိန်မီပါသေးတယ်** (အပိုင်း–၂)
၁၉း၁၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **သန်းတစ်ရာရွှေအိပ်မက်** (အပိုင်း–၈)
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း–၁၉)

မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွက် ပညာသင်ကြားနေသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်သည့် အခမ်းအနားကို ဇွန် ၁၅ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) အဆောက်အအုံ၌ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားပြီး ပညာသင်ထောက်ပံ့ကြေးများကို ဌာနအလိုက် ဌာနကိုယ်စားလှယ်များအား ပေးအပ်သည်။

ထောက်ပံ့

မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) ရှိ အရာထမ်း၊ ဝန်ထမ်း သားသမီး စုစုပေါင်း ၁၈၃ ဦးတို့အတွက် အခြေခံပညာ မူလတန်းအဆင့်ကို ငွေကျပ်၅၀၀၀ နှုန်း၊ အခြေခံပညာ အလယ်တန်းအဆင့်ကို ငွေကျပ် ၆၀၀၀ နှုန်း၊ အခြေခံပညာ အထက်တန်းအဆင့်ကို ငွေကျပ် ၇၀၀၀ နှုန်းနှင့် တက္ကသိုလ်အဆင့်ကို ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၃၁၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် နေပြည်တော် အထက(၃)၌ကျင်းပ

နေပြည်တော် ဇွန် ၁၇

၂၀၀၇ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့ နံနက် ၇ နာရီခွဲက နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦး၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ရင်းတပ်ဖွဲ့မှူးများနှင့် ဇနီးများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖြည့်စွက်မှာကြား

ရှေးဦးစွာ နေပြည်တော် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင်ဆွေဦးက ကျောင်းဝင်းအတွင်း သစ်ပင်များ စိုက်ပျိုးရန် အကွက်ချနေရာချထားမှု အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကိုဖြည့်စွက် မှာကြားသည်။

ထို့နောက်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် **(အပေါ်ပုံ)** နှင့် ဇနီးတို့က ခရေပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာသော ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း အင်အား ၁၉၈၀ တို့က သတ်မှတ်ထားသော နေရာများ၌ သစ်ပင်များကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က ကျောင်းသားကျောင်းသူများ၊ တပ်မိသားစုဝင်များ၏ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးတို့သည် နေပြည်တော် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကာ ပြန်လည်ထွက်ခွာသွားကြသည်။

စိုက်ပျိုးလျက်ရှိ

ယမန်နေ့ကကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် နှစ်ရှည်ပင်များဖြစ်သည့် ခရေ၊ ကုက္ကို၊ စိန်ပန်း၊ စွယ်တော်၊ မဲဇလီ၊ ကံ့ကော်၊ ဆီသပြေ၊ မန်ကျည်း၊ ပိတောက်၊ ရေတမာ၊ တမာ အစရှိသည့်အပင် ၂၇၀၀ ကျော် စိုက်ပျိုးခဲ့ပြီး နေပြည်တော်တွင် ယခုမိုးရာသီ၌ အပတ်စဉ် စနေနေ့တိုင်း သစ်ပင်စိုက်ပျိုးနေ့အဖြစ် သတ်မှတ်၍ သစ်ပင်များကို စိုက်ပျိုး လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတွေ့ဆုံ

နေပြည်တော် ဇွန် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr.Alexander P.Losyukov နှင့် အဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၆ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (အောက်ပုံ)

တက်ရောက်

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဧည့်သည်တော်၊ အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ မီခေးလ်၊ အမ်၊ မက်ဂလက်ဇီးလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ကူတ္တိယခေါ် မိန်းမတို့အကြောင်း ကျန်းမာရေးပညာပေး ဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၇

အမျိုးသမီးများအတွက် သတိပြုစရာ ကျန်းမာရေး ပညာပေးဟောပြောပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ International Health & Beauty Centre ၌ ဇွန် ၁၆ ရက် ညနေ ၄ နာရီက ကျင်းပခဲ့သည်။

ဟောပြော

အဆိုပါ ကျန်းမာရေးပညာပေးဟောပြောပွဲကို Good Health ကျန်းမာရေးနှင့် အလှအပဂျာနယ်၏ အထူးအစီအစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး သားဖွားနှင့် မီးယပ်ရောဂါ အထူးကုဆရာဝန်ကြီး စာရေးဆရာ ဒေါက်တာစိုးလွင်က ကူတ္တိယခေါ် မိန်းမတို့အကြောင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ကြိုတင်သိရှိကာကွယ်နိုင်

ဆွေးနွေးပွဲတွင် ဒေါက်တာစိုးလွင်က အမျိုးသမီးများတွင် ဖြစ်လေ့ရှိသော ရောဂါများအကြောင်းနှင့် အနေအထိုင်၊ အစားအသောက်တို့အပြင် လေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်ပေးခြင်းသည် အမျိုးသမီးများ၌ ဖြစ်တတ်သည့်ရောဂါများကို ကြိုတင်သိရှိ ကာကွယ်နိုင်ကြောင်းများအား အသေးစိတ်ရှင်းလင်းပြောကြားသည်။

သက်သာပျောက်ကင်းနိုင်

အမျိုးသမီးများတွင် ဖြစ်လေ့ဖြစ်ထရှိသော ရောဂါများ ဖြစ်ပွားသည်ဟု သံသယရှိပါက ဆရာဝန်များနှင့် မရှက်မကြောက် သွားရောက်ပြသကာ ဆေးကုသမှု ခံယူသင့်ကြောင်း၊ အချို့ အမျိုးသမီးရောဂါများသည် မိမိတစ်ကိုယ်တည်း လေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် သက်သာပျောက်ကင်းနိုင်ကြောင်း၊ မိခင်များအနေဖြင့် သားသမီးများအား ကိုယ်တိုင် နို့တိုက်သင့်ကြောင်း၊ မိခင်နို့တိုက်ခြင်းသည် ကလေးငယ်အား ကိုယ်ခံအားကောင်းပြီး ရောဂါများ ကာကွယ်နိုင်သည့်အပြင် မိခင်ကိုယ်တိုင်လည်း ရင်သားကင်ဆာများမဖြစ်နိုင်အောင် ကာကွယ်ပေးပြီးသား ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းဟောပြောသွားသည်။

ဖြေကြားပေး

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို အထူးကုဆရာဝန်ကြီး ဒေါက်တာစိုးလွင်က ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ **(မြန်မာ့အလင်း)**

Good Health ဂျာနယ်၏ ကျန်းမာရေးပညာပေးဟောပြောပွဲတွင် သားဖွားနှင့် မီးယပ်ရောဂါ အထူးကုဆရာဝန်ကြီး စာရေးဆရာ ဒေါက်တာစိုးလွင် ဆွေးနွေးပြောကြားစဉ်။

(မြန်မာ့အလင်း)

● ရှေ့ဖုံးမှ

ရှေးဦးစွာ အပြီးသတ် ကွန်ကရစ်သွန်းလောင်းခြင်းကို အိုးစည်ဒိုးပတ်အဖွဲ့မှ အောင်စေပိုင်စေသီချင်းဖြင့် ဂုဏ်ပြုတီးမှုတ်ခြင်းကို ဝန်ကြီးက ဂုဏ်ပြုဆုချီးမြှင့်၍ ရန်ကုန်ဘက်မှ သန်လျင်ဘက်သို့ တံတားပေါ်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းမောင်းနှင်ပြီး တံတားကြီး၏ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

သံကူကွန်ကရစ်အမျိုးအစား

ဒဂုံတံတားသည် သံကူကွန်ကရစ် R.C.D ဘိုးပိုင်အုတ်မြစ်နှင့် ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး စုစုပေါင်း အရှည်ပေ ၄၅၄၀ နှင့် ယာဉ်သွားလမ်း အကျယ် ၇၂ ပေရှိသည့် ယာဉ်ခြောက်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် ၆ ပေစီ နှစ်ဖက်ပါရှိ၍ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

အချောသပ်လုပ်ငန်းများဆောင်ရွက်

ယခုအခါ ဒဂုံတံတား၏ ရန်ကုန်ဘက်ကမ်းနှင့် သန်လျင်ဘက်ကမ်း ချဉ်းကပ်တံတားများပြီးစီး၍ ပင်မတံတားတွင် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ ၁၆ ခန်းကို အားလုံး တပ်ဆင်ပြီးစီးသဖြင့် သံကူကွန်ကရစ်ကြမ်းခင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ အပြီးသတ် တံတားခန်းဖွင့် ရေလယ်တိုင်(P-11)မှ (P-12)တွင် ယာဉ်သွားလမ်း ခြောက်လမ်းသွားကို သုံးလမ်းသွားအထိ သံကူကွန်ကရစ်ကြမ်းခင်းပြီးစီးကာ ကျန်သုံးလမ်းသွားအပိုင်းကို ကွန်ကရစ်သွန်းလောင်းလျက်ရှိပြီး တံတားလက်ရန်းနှင့် အချောသပ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဒဂုံတံတားမှ သီလဝါ စက်မှုဇုန်သို့ ဆက်သွယ်သည့် လမ်းဖောက်လုပ်ခြင်းကို မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4

ရုပ်မြင်သံကြားအစီအစဉ်

၁၈-၆-၂၀၀၇ (တနင်္လာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	အငှားနှင့်သာအမြတ်ရှာ တရားတော် အရှင်ကုမာရ (ကျောက်ပန်းတောင်းဆရာတော်)
၈:၀၅	ရတနာကိုးသွယ် စီကာသခြယ်
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	မှိုအသားမျှင် တစ်သျှူးမျိုးပွားနည်း
၉:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (DESIGNER MYINTZU)
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	မြန်မာစာ၊ မြန်မာစကား(၆)
၁၀:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅	Basic Computer Learning for Beginner (Vol-14) (Microsoft Excel)
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	စက်မှုဇုန်မှာ ကျွန်မစက်ရုံလာတည်တော့မယ်(ဖြိုးငွေစိုး၊သဇင်၊မိုးဒီ၊ ခင်မို့မို့အေး) [ဒါရိုက်တာ တင်အောင်ရွှေ(သုတေသီ)]
၁၁:၀၀	မိုးလေဝသခန့်မှန်းချက်
၁၁:၀၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ကြက်၊ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်သော ကျန်းမာရေး ပြဿနာများ
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	သွားကျန်းမာရေးနှင့် သွားတိုက်ဆေး
၁၁:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၅၀	The Game Guide (Call Of Duty)
၁၂:၁၅	တေးဂီတအစီအစဉ်
၁၂:၂၀	ကာဗွန်ဒိုင်အောက်ဆိုဒ် အခဲရေခဲခြောက်
၁၂:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၀	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားဘုရင်မ မွေးမြူရေး)
၁၂:၅၅	တေးဂီတအစီအစဉ်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့်ပဏာမလက်ရွေးစင်အားကစားသမားများ

ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ နံနက်ပိုင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်းသို့ရောက်ရှိလာရာ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်မိုးဝင်းက ၂၀၀၇ခုနှစ် (၂၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက် ရှိသည့် မြန်မာ့လက်ရွေးစင် ပဏာမသေနတ်ပစ်အားကစားသမားများ၏ တစ်ဦးချင်းလေ့ကျင့်မှုအခြေအနေ၊ လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများ ရရှိစုဆောင်းမှု အခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်က မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်းတွင် ပဏာမ မြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပဏာမ မြန်မာ့လက်ရွေးစင် အားကစားသမားများအား (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် စိတ်ဓာတ် ကြံ့ခိုင်မှု၊ စည်းကမ်းလိုက်နာမှုနှင့် လေ့ကျင့်မှုအပြည့်အဝ ဆောင်ရွက်ရန် မှာကြားသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် ဝန်ကြီးသည် ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ နိုင်ငံတကာအဆင့်မီ ရေကူးကန်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရည်မှန်းချက်မြင့်မားစွာထား

ယင်းနောက် ဝန်ကြီးသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မိုးလုံလေလုံ အားကစားရုံရှိ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပဏာမမြန်မာ့လက်ရွေးစင် သိုင်းအားကစားသမားများအား နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက်ရည်မှန်းချက် မြင့်မားစွာ ထားရှိ၍ ပြင်းပြင်းထန်ထန် လေ့ကျင့်ရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စခန်းသွင်းလေ့ကျင့်

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမသို့ ရောက်ရှိပြီး (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမ မြန်မာ့လက်ရွေးစင် ဂူရှူး အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် အစွမ်းကုန် လေ့ကျင့်ဆောင်ရွက်ရန် မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နိုင်ငံ့ဂုဏ်ဆောင်

ယင်းနောက် ဝန်ကြီးသည် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမဆောင်သို့ ရောက်ရှိလာပြီး (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစာပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားများအား တွေ့ဆုံအားပေးပြီး နိုင်ငံ့ဂုဏ် ဆောင်နိုင်ရေးအတွက် ရည်မှန်းချက်များထားရှိကာအစွမ်းကုန် လေ့ကျင့်ဆောင်ရွက်သွားကြရန်မှာကြားသည်။

ဆုများပေးအပ်

ထို့နောက် ဝန်ကြီးသည် အမျိုးသား ရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမဆောင်၌ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၀၇ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကိုဝင်ရောက်ကြည့်ရှုအားပေးကာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် အနိုင်ရရှိသည့် အားကစားသမားအား ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ဒေါက်တာ မျိုးမင်းအား ရည်စူး၍ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် အမှတ်၁၄(စီ) မေလမ်း နေ ကျန်ရစ်သူမိသားစုက ဖခင် ကွယ်လွန်သည့် (၁၁)နှစ်မြောက် နေ့တွင်စမ်းချောင်းမြို့နယ်ဇေယျ ဝတီစာသင်တိုက်ရေးယောင်းပိဋက တိုက်ကျောင်း ပြုပြင်မွမ်းမံရန် အတွက် အလှူငွေကျပ် ၁၀၀၆၉၀ ကို ဆရာတော်ဦးမညိဒ္ဓိကထံသို့ ရေစက်ချ အနုမောဒနာတရား နာယူပြီး ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် အမှတ်(၅)ရပ်ကွက် ပါရမီလမ်း အမှတ်(၂)ဝိုင်း စိန်ရတနာ ပရိယတ္တိ စာသင်တိုက် (မိတ္ထီလာကျောင်း)၏ ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် ဘဒ္ဒန္တ သီလာစာရ သာသန ဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဆရာတော် အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့ပြီး ဖြစ်၍ ၎င်းကျောင်းတိုက်မှ တပည့်သံဃာ တော်များနှင့် ဒါယကာ၊ ဒါယိကာမ များက ထပ်ဆင့် ဂုဏ်ပြုပူဇော်ပွဲကို (၁၃၆၉ခု ပထမဝါဆိုလဆန်း ၈ရက်) ဇွန်၂၂ရက် (သောကြာနေ့) နံနက်၉နာရီ တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဂမုန်းပွင့်ကုန်တိုက် ထိုင်းနိုင်ငံအဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၇

ဂမုန်းပွင့်ကုန်တိုက်၏ မုတ်သုံရာသီအထူးအစီအစဉ်အဖြစ် ထိုင်းနိုင်ငံမှ Fashion အဝတ်အထည်ကုမ္ပဏီ ၂၀နှင့် ဂမုန်းပွင့်ကုန်တိုက်တို့ ပူးပေါင်းကျင်းပသည့် အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၁နာရီက အဆိုပါကုန်တိုက် ပဥ္စမထပ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ Thai Garment Manufacturers Association, Vice President Mr. Yotsaton Kijkusol နှင့် ဂမုန်းပွင့်ကုန်တိုက်မှ တာဝန်ရှိသူများက အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

(အောက်ပုံ)

အဆိုပါ အရောင်းဆိုင်တွင် Vanson, Intro, Oasis နှင့် Portland အမှတ်တံဆိပ်အမျိုးသားဝတ် အထည်များ၊ Toffy Sweet, Blue Corner, Berreta အမှတ်တံဆိပ်အမျိုးသမီးဝတ်အထည်များနှင့် ပါတိတ်မျိုးစုံ၊ S-Gear, Wannabe အမှတ်တံဆိပ် အမျိုးသမီး အတွင်းဝတ် အထည်များ၊ Be Mee, Bluenose Monster, Ovo အမှတ်တံဆိပ် ကလေးဝတ်အထည်များ၊ Eleganza, Praco အမှတ်တံဆိပ် မိန်းမကိုင် အိတ်အမျိုးမျိုး၊ Leather Purse & Wallet များ၊ Pan အမှတ်တံဆိပ် Sport Shoes များနှင့် Scholl အမှတ်တံဆိပ် ဖိနပ်များ၊ Leadership အမှတ်တံဆိပ် ဦးထုပ်များ စသည့် ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးမည် ဖြစ်သည်။

ထို့အပြင် အထူးအခွင့်အရေး အနေဖြင့် အမျိုးသားဝတ် New Arrival Pierre Cardin နှင့် Vanheusen အမှတ်တံဆိပ် Shirt အင်္ကျီနှစ်ထည် ဝယ်ယူပါက Brand Name Shirt အင်္ကျီတစ်ထည်လက်ဆောင်ရမည်ဖြစ်ပြီး Vanson အမှတ် တံဆိပ်အမျိုးသားဝတ် Shirt နှစ်ထည် ဝယ်ယူပါက တစ်ထည် လက်ဆောင်ရမည်ဖြစ်သည်။

မီးဖိုချောင်သုံးပစ္စည်းများ

ဝယ်ယူအားပေးနေသူများအတွက် နေ့စဉ်သုံးစွဲနေသည့် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့်ရောင်းချပေးသွားမည့် အထူးအစီအစဉ်များလည်း ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဖြိုးစေတနာ အခမဲ့ဆေးကုခန်း ဒလမြို့နယ်၌ဖွင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန် ဇွန် ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ဒလမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် ဖြိုးစေတနာ အခမဲ့ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါသည် ဒလမြို့နယ် ဆိပ်ကမ်းပတ်ဝန်းကျင်အား လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဆိပ်ကမ်းဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်စေရေး၊ မြို့အဝင်လမ်းမအား မြို့တော်လမ်းမကြီးများကဲ့သို့ အဆင့်မြင့်စွာ ဆောင်ရွက်ရေး မော်တော်ယာဉ်များ စနစ်တကျ စည်းကမ်းရှိရှိ ရပ်နားနိုင်ရန် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါသည် ဒလမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး၌ကျင်းပသည့် ဖြိုးစေတနာ အခမဲ့ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆေးကုခန်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** အခမဲ့ ဆေးကုခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ဆေးပဒေသာပင် အလှူငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အလှူရှင်များဖြစ်ကြသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး ဒေါ်ခင်ညွန့်မြိုင်မိသားစုက အလှူငွေကျပ် တစ်သိန်း၊ ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသိန်း၊ ကေသရာဇာမော်တော်ယာဉ်လိုင်းက ငွေကျပ်သုံးသိန်းခြောက်သောင်း၊ ဒလမြို့နယ် ဆီကုန်သည်များအသင်းကငွေကျပ် နှစ်သိန်းငါးသောင်း၊ ဒလမြို့နယ် ဆန်ကုန်သည်များအသင်းက ငွေကျပ်နှစ်သိန်း ငါးသောင်း အပါအဝင် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များမှ အလှူငွေ နှစ်ဆယ့်တစ်သိန်း ကိုးသောင်းကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်နှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအေးမြင့်တို့က လက်ခံယူကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၃၅၂စောင်အားပေးအပ်ရာမြို့နယ်အတွင်းရေးမှူး ဦးခင်မောင်ရွှေက လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်သည် ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ အခြေခံပညာ မူလတန်းကျောင်းများသို့ ဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ဒလမြို့နယ် မူလတန်းကျောင်း ၂၄ ကျောင်းသို့ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းကာ ငါးလုပ်ငန်းရှင် ဦးစိုးသိန်းက အလှူငွေကျပ် တစ်သိန်း လှူဒါန်းသည်။

အမှာစကားပြောကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ဒလမြို့နယ် ဆံတော်ရှင်ဓနုတ်စေတီတော်အရှေ့ဘက်မုခ်ဦး တန်ဆောင်းတွင် ကျင်းပသည့် ဓနုတ်စေတီတော် ပြန်လည် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းကော်မတီများနှင့် တွေ့ဆုံပွဲသို့တက်ရောက်ပြီးအမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းရင်းဆေးပညာ၏ အဖိုးမဖြတ်နိုင်သော အစွမ်းသတ္တိကိုဖော်ထုတ် ပြည်သူတစ်ရပ်လုံး ယုံကြည်ကိုးစားသော ဆေးသမားတော်များအဖြစ်ဆောင်ရွက်

ရန်ကုန် ဇွန် ၁၇

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဇွန် ၈ရက် နံနက် ၈နာရီက တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း သာလွန်ခန်းမ၌ ကျင်းပသော မြို့နယ်စစ်မှုထမ်းဟောင်း သင်တန်းအမှတ်စဉ်(၁/၂၀၀၇) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းသားစံပြဆုရရှိသူအား ဆုချီးမြှင့်သည်။

အမှာစကားပြောကြား

၎င်းနောက် တိုင်းမှူးသည် နံနက် ၉နာရီခွဲက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဧရာဝတီတိုင်း)နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မြန်မာ့ရေမြေသဘာဝရာသီဥတုနှင့် ယဉ်ကျေးမှု ရိုးရာဓလေ့စရိုက်နှင့်အတူ အစွမ်းထက်မြက်ထိရောက်သော တိုင်းရင်းဆေးပညာ၏ အဖိုးမဖြတ်နိုင်သော အစွမ်းသတ္တိများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ကာ၊ ၎င်းကုထုံးစွမ်းအားများဖြင့် တိုင်းရင်းသား ပြည်သူ တစ်ရပ်လုံး ယုံကြည်ကိုးစား အားထားရသော တိုင်းရင်းဆေးသမားတော်ကြီးများအဖြစ် ဆေးကုသမှုဆောင်ရွက်ရင်း ရောဂါလက္ခဏာများကို စူးစမ်းလေ့လာပြီး သုတေသနလုပ်ငန်းများ၊ ကုထုံးသစ်များကို သိပ္ပံနည်းကျပြုလုပ်ကာ တိမ်မြုပ်ပျောက်ကွယ်နေသော အဖိုးမဖြတ်နိုင်သည့် ဆေးကျမ်းများနှင့် နည်းနာရပ်များကို ဖော်ထုတ်သွားရေး မှာကြားသည်။

အမှုဆောင်သစ်ရွေးချယ်

၎င်းနောက် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးမောင်ဉာဏ်က အမှာစကား ပြောကြားပြီး သင်းလုံးကျွတ် အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ ကျင်းပသည်။

ဖွင့်လှစ်ထားရှိ

ဧရာဝတီတိုင်းတွင် တိုင်းဦးစီးဌာနမှူးရုံးတစ်ရုံး၊ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံတစ်ရုံ၊ ခရိုင်တိုင်းရင်းဆေးကုဌာနငါးခု၊ မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၅ခု စုစုပေါင်း ဌာန ၃၀ ဖွင့်လှစ်ထားရှိပြီး ဆေးကုဌာနများတွင် တစ်လပျမ်းမျှ လူနာ ၈၅၂၀ခန့် ကုသပေးလျက်ရှိကာ ကွင်းဆင်းကုသလူနာ တစ်လပျမ်းမျှ ၆၂၁၅ဦးခန့်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၇

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံစူပါဝမ်း-တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ဆေးနှင့်အလှူငွေများ လှူဒါန်းကြရာ သုဝဏ္ဏမြို့သစ် ရန်ကုန်သစ် ကံ့ကော်မြိုင်လမ်းနေ ဦးအောင်မြင့်-ဒေါ်သန်းသန်းမြင့်မိသားစုက ငွေကျပ်သုံးသိန်းငါးသောင်း၊ ကျောက်တံတားမြို့နယ် ၃၉လမ်းနေ ဦးသန်းစိုး-ဒေါ်ခင်ခင်မြင့်က ငွေကျပ်တစ်သိန်း၊ သန်လျင်မြို့ မြို့သစ်အလယ်ရပ်သူရလမ်းနေ ဦးဇော်မြင့်-ဒေါ်သီသီနိုင်၊ စမ်းချောင်းမြို့နယ် မြေနုလမ်းနေ ဦးဌေးအောင်-ဒေါ်တင်တင်နွယ်၊ သင်္ဃန်းကျွန်းမြို့နယ် ကျိုက်ဒေးယျုံဘုရားလမ်း မေခအိမ်ရာနေ ကိုမောင်မောင်စန်း(ခေတ္တ စင်ကာပူ၊ မွေးနေ့)၊ လသာလမ်းနေ ကိုထွန်းလင်းဦး-မအိနှင်းဖြူတို့က ငွေကျပ်တစ်သိန်းစီ၊ ၄၆လမ်းနေ ဦးမောင်မောင်စိုး(မွေးနေ့)၊ သန်လျင်ရေနံချက်စက်ရုံနေ ဒေါ်ရီရီဝင်း(မွေးနေ့)၊ လမ်းမတော်လမ်းသစ်လမ်းနေ ဦးဖုန်းမြင့်-ဒေါ်အေးအေးဝမ်တို့က ငွေကျပ်ငါးသောင်းစီ၊ တောင်ဥက္ကလာပမြို့နယ် ၉ရပ်ကွက် သစ္စာလမ်းနေ ဦးသိန်းဇံ၊ တာမွေလေးနေ မယဉ်နွယ်မြင့်တို့က ငွေကျပ်လေးသောင်းငါးထောင်စီ၊ ဗဟန်းမြို့နယ် ဆရာစံလမ်းနေ ဦးသန်းတိုးအောင်-ဒေါ်အေးအေးလွင်၊ လမ်းမတော်မြို့နယ် ၅လမ်းနေ ကိုသီဟဝင်းထွဋ်-မစိမ်းလဲ့ရည်၊ သမီး ယွန်းစန္ဒီ၊ ရန်ကင်းမြို့နယ် ပါရမီနေ ဦးညွန့်ဦး၊ သင်္ဃန်းကျွန်းမြို့နယ် ၁၆/၁နေ ဦးအောင်မြင့်-ဒေါ်တင်တင်ဝင်း၊ ပန်းဆိုးတန်းလမ်းနေ ဦးသန်းဝင်း-ဒေါ်သင်းသင်းရှိန်၊ တောင်ဥက္ကလာပမြို့နယ် ၁၃ ရပ်ကွက် ၂၇ လမ်းနေ ဒေါ်ခင်ထွန်းမြင့်၊ ကန်တော်လေး ၉၁ လမ်းနေ ကိုသန်းအောင်-မမီမီဝေ၊ ဘိုကလေးမြို့ ဘုရားသုံးဆူနေ ဦးအုံးမောင်၊ ကမ္ဘာအေးလုံခြုံရေးပုံနှိပ်လုပ်ငန်း ညွှန်ကြားရေးမှူးရုံးမှ ဒေါ်ခင်မိမိတို့က ငွေကျပ်သုံးသောင်းစီ၊ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းနေ မခင်ချိုအေး၊ သန်လျင်မြို့ ဗိုလ်ချုပ်ရွာနေ ဦးကျော်မြင့်-ဒေါ်ဌေးရင်၊ မင်းဘူးမြို့ စကုလမ်းနေ ဦးဝင်း-ဒေါ်ခင်သက်ဦး၊ ထီးတန်းစက်မြေရပ်ကွက်နေ ဦးဘရင်-ဒေါ်မသောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) လှိုင်ထိပ်ခေါင်တင်လမ်းနေ ဒေါ်ခင်နီမိသားစုတို့က ငွေကျပ်နှစ်သောင်းစီ လှူဒါန်းကြသည်။

ကုသိုလ်ဖြစ်ဆေးခန်း သုံးထပ်တိုးမြှင့်ဆောင်နှင့် ဆေး၊ ဆေးပစ္စည်းများအတွက် ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁-၀၂၁၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ပြည်မြို့၌ ကျင်းပ

ရန်ကုန် ဇွန် ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်း၊ ခရိုင်၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ၂၀၀၇ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၀ရက် နံနက် ၉နာရီက ပြည်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီးမှူးဦးတင်အောင်၊ ပြည်ခရိုင်ဦးစီးမှူးဦးဘမင်း၊ ပြည်မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်ထွဋ်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းညွန့်နှင့် ဆရာ ဆရာမများ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် မိခင်ဘဝ ကျန်းမာမှု၊ လက်တွဲဖော်ပြု အမျိုးသားထု ခေါင်းစဉ်ဖြင့် အမျိုးသား ၈ဦး၊ အမျိုးသမီး ၁၄၉ဦး စုစုပေါင်း၂၃၇ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇွန် ၁၀ရက်က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲကို ဗဟန်း အထက(၂)၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (က-ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး ရည်ရွယ်ချက်နှင့် ရည်မှန်းချက်ကောင်းမွန် အမျိုးသားရေးတာဝန်များ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇွန်၁၅ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ (၇၃လမ်းနှင့်၇၄လမ်းကြား) ဆေးတက္ကသိုလ်(မန္တလေး)၌ ကျင်းပသော ဆေးတက္ကသိုလ်(မန္တလေး) ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အသင်းဝင်အဆိုပြုလွှာပေး

ဆက်လက်၍ ဆရာ ဆရာမများနှင့်ဝန်ထမ်းများ၏ အသင်းဝင် အဆိုပြုလွှာ ၂၂၈စောင်ကို ဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာကျော်လှက လည်းကောင်း၊ ဆေးတက္ကသိုလ် (မန္တလေး) ကျောင်းသား ကျောင်းသူများ၏အသင်းဝင် အဆိုပြုလွှာ၅၁၃စောင်ကိုလည်းကောင်း ပေးအပ်ကြရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက လက်ခံယူသည်။**(အပေါ်ပုံ)**

အမှာစကားပြောကြား

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားရာတွင် အသင်းကြီးသည် ရည်ရွယ်ချက်နှင့်ရည်မှန်းချက်ကောင်းမွန်ပြီး အမျိုးသားရေး တာဝန်များကို ကူညီဆောင်ရွက်လျက်ရှိသည့် အသင်းကြီးဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာကျော်လှက ကျေးဇူးတင်စကားပြောကြားပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ဆေးတက္ကသိုလ်(မန္တလေး) သင်ထောက်ကူပစ္စည်းများဖြစ်သော ကွန်ပျူတာနှင့် မာလ်တီမီဒီယာ ပရိုဂျက်တာ ဝယ်ယူရန်အတွက် ငွေကျပ်သိန်း၁၀၀ကို ပေးအပ်လှူဒါန်းရာ ဆေးတက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ်က လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆေးဝါးတက္ကသိုလ်(မန္တလေး)

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် မွန်းလွဲ၂နာရီခွဲတွင် အမရပူရ မြို့နယ်ရှိ ဆေးဝါးတက္ကသိုလ်(မန္တလေး) ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်ပြီး ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ အသင်းဝင် အဆိုပြုလွှာ ၁၁၁စောင်ကို ဆေးဝါး တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာခင်မောင်မြင့်က လည်းကောင်း၊ ကျောင်းသား ကျောင်းသူများ၏ အသင်းဝင် အဆိုပြုလွှာ ၅၅၄စောင်ကို ဆေးဝါးတက္ကသိုလ် (မန္တလေး)မော်ကွန်းထိန်း ဦးကျော်ငြိမ်းက လည်းကောင်း ပေးအပ်ရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက လက်ခံယူသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားရာတွင် အရည်အသွေး၊ အရည်အချင်း ပြည့်ဝသော အသင်းဝင်များ တိုးတက်လာစေရန်၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို စေတနာထား ဆောင်ရွက်ကြရန် မှာကြားသည်။

သင်ထောက်ကူပစ္စည်းပေး

ဆက်လက်၍ ဆေးဝါးတက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ် ဒေါက်တာခင်မောင်မြင့်က ကျေးဇူးတင်စကားပြောကြားပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ဆေးဝါးတက္ကသိုလ်(မန္တလေး)သင်ထောက်ကူပစ္စည်းများအဖြစ် ကွန်ပျူတာ ၁၀လုံးကို ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ်က လက်ခံယူ၍ အခမ်းအနား ရုပ်သိမ်းလိုက်သည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် ညနေပိုင်းတွင် မန္တလေး ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး မြို့နယ်အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် တိုက်ဟောင်း မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသာမိဘိဝံသအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းသည်။

ဖူးမြော်ကြည်ညို

ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းနှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များသည် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်သို့ ရောက်ရှိပြီး မစိုးရိမ်တိုက်သစ်ကြီး၏ မဟာနာယကချုပ် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသအား ဖူးမြော်ကြည်ညို၍ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမြန်ဆုံးရုန်းထွက်လိုက်ပါတော့လ

Happy Birthday မစု။ မစုရဲ့ (၆၂)နှစ်မြောက် မင်္ဂလာရှိသော မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်တဲ့ဘဝ ရောက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

မစုရေ- ခုလိုမစုရဲ့ မင်္ဂလာရှိတဲ့ မွေးနေ့အခါသမယမှာ မစုနဲ့ ဆုံဖြစ်ခဲ့တာလေးတွေကို ပြန်လည်သတိရမိပါတယ်။ ၁၉၈၈ ခုနှစ် ရှစ်လေးလုံးညမှာ ပါတီကောင်စီ အလိုမရှိဆိုတဲ့ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားကိုဆန့်ကျင်ပြီး ကျိုက္ခမီသပိတ်ထဲကို ပါတီကောင်စီဝင်တွေ ပါဝင်လာတာကြောင့် ကျိုက္ခမီသပိတ်နဲ့ ကျွန်တော် လမ်းခွဲခဲ့ပါတယ်။ ကျိုက္ခမီဆိပ်ကမ်းမှာ ရပ်ထားတဲ့ ကျွန်တော်ရဲ့ စက်တပ်လှေကြီးပေါ်ကို ဆားအပြည့်တင်ပြီး မုတ္တမပင်လယ်ကို ဖြတ်ကာ ရန်ကုန်သို့ ကျွန်တော် ရောက်ရှိခဲ့ပါတယ်။ ရန်ကုန်ရောက်တော့ ရွှေတိဂုံဘုရား အနောက်မုခ်မှာ မစုဟောပြောပွဲလုပ်မယ် သတင်းကြားတာကြောင့် အဲဒီကို ကျွန်တော်ရောက်သွားပါတယ်။ အဲဒီ ရွှေတိဂုံဘုရား အနောက်မုခ် ဟောပြောပွဲမှာ မစုကို ကျွန်တော် စတင်မြင်တွေ့ခဲ့ရပါတယ်။ ဒါပေမယ့် လူထုပရိသတ်က များလွန်းတာကြောင့် မစုကို အဝေးကနေပဲ မှုန်ဝါးဝါး မြင်ခဲ့ရပါတယ်။

မစုရေ- ၁၉၈၉ခုနှစ်ဦးပိုင်းမှာ ကျွန်တော် မြိတ်မြို့သို့ရောက်ရှိခဲ့ပါတယ်။ မြိတ်မှာရှိနေစဉ် တစ်နေ့ နံနက်စောစောပိုင်း မြိတ်ဆိပ်ကမ်းမှာ လူတွေစုရုံးစုရုံးဖြစ်နေတာကို မြင်လိုက်ရပါတယ်။ ကျွန်တော် စုံစမ်းမေးမြန်း ကြည့်လိုက်တော့ မစုမကြာခင် ရောက်လာလိမ့်မယ်၊ မြိတ်ကနေ စခန်းသစ်ရွာကို မစုခရီးထွက်မယ်လို့ သိရပါတယ်။ စခန်းသစ်ရွာဟာ မြိတ်ကနေ ပင်လယ်လမ်းခရီးနဲ့ သုံးနာရီလောက်သွားရပါတယ်။ မစုခရီးထွက်မယ့် သစ်သားခွံ လှေငယ်လေးဟာလဲ ဆိပ်ခံတံတားမှာ ဆိုက်ကပ်ထားပါတယ်။ အဲဒီလှေငယ်လေးနားသွားပြီး လှေထဲကို ကျွန်တော်ကြည့်လိုက်တော့ အသက်ကယ်အင်္ကျီ (Life Jacket)တွေ မတွေ့ရပါဘူး။ ကျွန်တော်လဲ မစုအတွက် စိတ်ပူသွားမိပြီး မြိတ်ဈေးကြီးကို ဆိုက်ကားနဲ့ အမြန်သွားကာ အသက်ကယ်အင်္ကျီတစ်ထည် ဝယ်လိုက်ပါတယ်။ မြိတ်ဆိပ်ကမ်းရောက်တော့ မစုကိုတင်ဆောင်သွားတဲ့ လှေငယ်လေးဟာ ထွက်ခွာသွားခဲ့ပါပြီ။ ကျွန်တော်လဲ နိုင်ငံခြားလေကြောင်း လိုင်းအမှတ်တံဆိပ်ပါ အသက်ကယ်အင်္ကျီ အသစ်လေးကို ရင်ဝယ်ပိုက်ပြီး မစုရဲ့လှေငယ်ကို ငေးကြည့်နေမိပါတော့တယ်။

မစုရေ- ၂၀၀၃ခုနှစ် မေလကုန်ပိုင်းမှာ မစု မုံရွာရောက်ခဲ့တယ်နော်။ မုံရွာကနေ ဘုတလင်၊ ရေဦး၊ ရွှေဘိုလမ်းအတိုင်း သွားရင်း ဒီပဲယင်းနယ်မှာ မစုပြဿနာတက်ခဲ့တယ်နော်။ ကျွန်တော်ကတော့ မစုထက် သုံးလလောက်စောပြီး ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းမှာ မုံရွာရောက်ခဲ့ပါတယ်။ မုံရွာကနေ မစုသွားခဲ့တဲ့ လမ်းကြောင်းအတိုင်း သွားခဲ့ပြီး ဒီပဲယင်း၊ ရေဦးနယ်ထဲ ရောက်ခဲ့ပါတယ်။ ရေဦးမြို့ပေါ်က ဆန်အရောင်းအဝယ်လုပ်တဲ့ ကိုဖိုးသောင်နဲ့ တွေ့ဆုံပြီး ကိုဖိုးသောင်ရဲ့ကူညီမှုနဲ့ ဒီပဲယင်း၊ ရေဦးနယ်ထဲက ငါးမွေးမြူရေးလုပ်ငန်းတွေကို လေ့လာခဲ့ပါတယ်။

မစုရေ-ဒီပဲယင်း၊ ရေဦးနယ်ထဲက ကျေးရွာတွေဟာ စီးပွားရေးတော်တော် ဖွံ့ဖြိုးနေတာကို ကျွန်တော် မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရပါတယ်။ ကိုဖိုးသောင်ရဲ့ ဇာတိရွာလေးမှာ ကျွန်တော် ညအိပ်ခဲ့ပါတယ်။ ကျွန်တော် တည်းခိုတဲ့ အိမ်ရဲ့ဘေးကအိမ်မှာ မင်္ဂလာဆောင်ရှိလို့ တစ်ညလုံး ဗီဒီယိုကားတွေပြကြပါတယ်။ နံနက်မိုးလင်းတော့ မင်္ဂလာဆောင်တဲ့ခြံဝင်းထဲမှာ ထမင်းဝိုင်းတွေချပြီး ထမင်းကျွေးတာ တစ်ရွာလုံး လူကြီး၊ကလေးအားလုံး လာစားကြပါတယ်။ ကျွန်တော်က မင်္ဂလာဆောင်လုပ်တာ တစ်ရွာလုံးထမင်းကျွေးရသလားဟု တအံ့တဩ မေးလိုက်တော့ ဒါဟာ သိပ်တတ်နိုင်တဲ့ မင်္ဂလာဆောင် မဟုတ်သေးဘူး။ တတ်နိုင်တဲ့ လူတွေဆိုရင် ဝက်အကောင်လုံးပေါ်ပြီး ခုနစ်ရက်တိုင်တိုင် တစ်ရွာလုံးကို ထမင်းကျွေးလေ့ရှိတယ်လို့ ပြောပြကြပါတယ်။

မစုရေ- ကျွန်တော်ဟာ တည်းခိုတဲ့အိမ်ကနေ လမ်းလျှောက်ထွက်လာရင်း ဆည်ရေတွေ ပေးဝေတဲ့ မူးလက်တံမြောင်းနံဘေးက ရဲရဲနီအောင် ပင်လုံးကျွတ်ပွင့်နေတဲ့ လက်ပံပင်ကြီးအောက်မှာ ထိုင်နေပါတယ်။ ခဏကြာတော့ အသက်သုံးဆယ်လောက် လူငယ်တစ်ယောက် ရောက်လာပြီး လက်ပံပင်ကြီးအောက်မှာ ခဏဝင်နားပါတယ်။ ကျွန်တော်က ညီလေးရေ ဒီဆည်ရေတွေ ဘယ်ကလာလဲလို့ မေးလိုက်တော့ ကာဘိုးဆည်ကလာတာပါ နောင်ကြီးလို့ ပြန်ဖြေပါတယ်။ ဆည်ရေကော လုံလောက်ရဲ့လားလို့ မေးတော့ အရင်တုန်းကတော့ မလုံလောက်ပါဘူး။ ခုတော့ လုံလောက်ရုံတင်မက ပိုတောင် ပိုနေပါသေးတယ်လို့ လူငယ်က ပြန်ဖြေပါတယ်။ ဘာဖြစ်လို့ အရင်က မလုံလောက်ဘဲ ခုမှလုံလောက်သွားရတာလဲလို့ ဆက်မေးတဲ့ အခါမှာတော့ အရင်တုန်းက ကာဘိုးဆည်က ရေဟာ မိုးအခါမှာသာ အလာများပြီး နွေရာသီမှာ ရေသိပ်မလာပါဘူး။ **ခုတော့ ကာဘိုးဆည်ရဲ့အထက်မှာ သဖန်းဆိပ်ဆည်ကြီး တည်ဆောက်ပြီးသွားတာကြောင့် သဖန်းဆိပ်ဆည်ကြီးကရေကို ကာဘိုးဆည်ထဲ လွှတ်ချပေးတယ်။ ဒါ့ကြောင့် မိုးရောနွေပါ ရေမပြတ်တော့ပါဘူး။ ကျွန်တော်တို့လဲ သီးထပ်တွေ စိုက်လာနိုင်ကြပါတယ်။ ရွာမှာလဲ နောင်ကြီးမြင်တဲ့အတိုင်း သွပ်မိုးပျဉ်ကာအိမ်တွေနဲ့ ဖြစ်လာကြတယ်။ အလှူအတန်းတွေလဲ လုပ်လာနိုင်ကြတယ်။ ထော်လာဂျီတွေ၊ ဆိုင်ကယ်တွေလဲ ဝယ်လာနိုင်ကြပါတယ် နောင်ကြီးလို့ ရှင်းပြခဲ့ပါတယ်။** ကျွန်တော်ဟာ သဖန်းဆိပ်ဆည်ကို မရောက်သေးမီမှာပင် သဖန်းဆိပ်ဆည်ကြီးရဲ့ ရွှေဘိုနယ်ကို အကျိုးပြုနေပုံတွေကို ကြားသိမြင်တွေ့ခဲ့ရပါတယ် မစု။

မစုရေ- ရေဦးမြို့က ဆန်စက်ပိုင်ရှင် ကိုအောင်ကျော်ဦးက သဖန်းဆိပ် ရ-ယ-က ဥက္ကဋ္ဌ ဦးမောင်လေးထံကို စာရေးပေးလိုက်လို့ သဖန်းဆိပ်ဆည်ကြီးကို ကျွန်တော်ရောက်ခဲ့ပါတယ်။ **သဖန်းဆိပ်ဆည်ကြီးဟာ မြန်မာနိုင်ငံမှာ အကြီးဆုံး ဆည်ကြီးဖြစ်ပါတယ်။ ၁၉၉၆ခုနှစ် စက်တင်ဘာလမှာ စတင် ... ပြီးစီးခဲ့ပါတယ်။ ဒီဆည် ... ၈၉၆၀အကုန်အကျခံပြီး ... ကြီးဟာ လယ်မြေဧက ငါး ... ထုတ်လုပ်နိုင်တဲ့ တာဘိုင် ... လျှပ်စစ်ထုတ်လုပ်နိုင်ပါ ... တစ်နယ်လုံးဟာလဲ နွေရ ... အောင် လယ်ကွင်းတွေ ... စိမ်းစိမ်းစိုစို ဖြစ်နေပါတ ... သဖန်းဆိပ်ဆည်ကြီးကြေ ... တယ်။** လျှပ်စစ်က သူတို့ ... တယ်ဟု ဒေသခံတွေက ... ဝဝနီးပါးလောက်ရှိတဲ့ အ ... ဖူးသလားအမေလို့ ကျွ ... ရောက်ဖူးပါပြီသားရယ်၊ ... သားကြီးလဲ သီးထပ်တွေ ... တိုးတက်ကောင်းမွန်လာ ... ဘုရားတို့ ပို့ပေးခဲ့တယ်။ အ ... ဝမ်းသာမျက်ရည်ဝဲပြီး ... မစု။

မစုရေ- တရားစီရင် ... နှင့် စကားမပြောသော သ ...

အနောက်အုပ်စုရဲ့ အနှောင်အဖွဲ့များမှ မစုကိုယ်တိုင် မရုန်းထွက် ...
မစုဟာ သူတို့ရဲ့ အချုပ်အနှောင်က လွတ်မြောက်နိုင်မှာ မဟုတ် ...

မစုရေ- ခုတလော မစုလွတ်မြောက်ရေးဆိုပြီး မစုရဲ့ NLD ပါတီဝင် တချို့ဟာ ဘုရားတက်ဝတ်ပြုဆုတော ...
အယောက် ၂၀ လောက်ပါ။ ဒီနေရာမှာ မစုလွတ်မြောက်ရေးဆိုတာကို ကျွန်တော်နက်နက်နဲနဲ စဉ်းစားကြ ...
အချုပ်အနှောင်ခံနေရတာပါ။ ဒါကြောင့် မစုဟာ လွတ်မြောက်ဖို့လိုအပ်ပါတယ်။ ကျွန်တော်လဲ မစုကိုလွတ်မြေ ...
မစုကို ဆုပေါင်း ၈၀ ကျော်ပေးပြီး ဒီဆုတွေနဲ့ မစုကို ချုပ်နှောင်ထားကြတာပါ။ ဒီဆုတွေကိုရခဲ့တဲ့ မစုဟာ ဒီ ...
ဒီလို သူတို့အလိုတော်ကျလုပ်ရင်းနဲ့ ဒီပဲယင်းအချင်းကိစ္စဖြစ်ခဲ့ရတာ ဖြစ်ပါတယ်။ ဒီတော့ နိုင်ငံတော်အစိုးရ ...
လေအောင် မစုကို နေအိမ်မှာတားဆီးပိတ်ပင်ထုတ်ပြီး တားဆီးထားရတာဖြစ်ပါတယ်။ ဒါကြောင့် ဒီအခြေအ ...
အနောက်အုပ်စုရဲ့ အနှောင်အဖွဲ့များမှ မစုကိုယ်တိုင် မရုန်းထွက်သမျှကာလပတ်လုံး မစုဟာ သူတို့ရဲ့အချု ...
တွေ့ရပါတယ်။

ဘာ့လား

ငါးမင်းဆွေ

စက်တင်ဘာလမှာ စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၁ခုနှစ် ဧပြီလမှာ ပြီးစီးခဲ့ပါတယ်။ ဒီဆည်ကြီးကို နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၈၉၆၀အကုန်အကျခံပြီး တည်ဆောက်ခဲ့တာပါ။ ဒီသဖန်းဆိပ်ဆည်ကြီးဟာ လယ်မြေဧက ငါးသိန်းကို ရေပေးဝေနေပါတယ်။(၁၀)မဂ္ဂါဝပ် ထုတ်လုပ်နိုင်တဲ့ တာဘိုင်စက်သုံးလုံးနဲ့ (၃၀)မဂ္ဂါဝပ်အထိ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ပါတယ်။ မိုးခေါင်ရေရှားဒေသဖြစ်တဲ့ ရွှေဘိုတစ်နယ်လုံးဟာလဲ နွေရာသီမှာ မိုးရာသီလို့ ထင်မှတ်မှားရလောက်အောင် လယ်ကွင်းတွေမှာ ရေတဖွေးဖွေးနဲ့ ကောက်ပင်တွေနဲ့ စိမ်းစိမ်းစိုစို ဖြစ်နေပါတယ်။ ရွှေဘိုနယ်က မြို့ရွာတွေဟာလည်း သဖန်းဆိပ်ဆည်ကြီးကြောင့် လျှပ်စစ်မီးတွေ ထိန်ထိန်ညီးနေကြပါတယ်။ လျှပ်စစ်က သူတို့မြို့မှာ လောက်ရုံတင်မက ပိုတောင်ပိုသေးတယ်ဟု ဒေသခံတွေက ပြောပြကြပါတယ်။ ရွှေဘိုနယ်က အသက်၈၀နီးပါးလောက်ရှိတဲ့ အမေအိုကြီးတစ်ယောက်ကို ရန်ကုန်ရောက်ဖူးသလားအမေလို့ ကျွန်တော်မေးကြည့်လိုက်တော့ အမေအိုက ရောက်ဖူးပါပြီသားရယ်၊ ဒီသဖန်းဆိပ်ဆည်ကြီးပြီးသွားလို့ အမေရဲ့သားကြီးလဲ သီးထပ်တွေစိုက်လာနိုင်တယ်။ စီးပွားရေးအခြေအနေတိုးတက်ကောင်းမွန်လာလို့ အမေ့ကို ရွှေတိဂုံတို့၊ ကျိုက်ထီးရိုးဘုရားတို့ ပို့ပေးခဲ့တယ်။ အမေသေပျော်ပါပြီသားရယ်လို့ ကျွန်တော့်ကို ဝမ်းသာမျက်ရည်ဝဲပြီး ရွှေဘိုနယ်က အမေအိုက ပြောပြခဲ့ပါတယ် မစု။

မစုရေ– တရားစီရင်ရေးနယ်ပယ်မှာ စကားပြောသောသက်သေနှင့် စကားမပြောသော သက်သေဆိုပြီး သက်သေနှစ်မျိုးရှိပါတယ်။ စကားပြောသော သက်သေ(လူ)တွေဟာ တရားရုံးမှာ ကျမ်းကျိန်ပြီး ထွက်ဆိုချက်ပေးကြတဲ့အခါမှာပင် လိမ်လည်ထွက်ဆို တတ်ကြပါတယ်။ ဒါကြောင့် တရားစီရင်တဲ့ တရားသူကြီးတွေဟာ စကားပြောတဲ့ သက်သေထက် စကားမပြောသော သက်သေကို ပိုမိုအလေးထားပြီး ဆုံးဖြတ်တတ်ကြပါတယ်။ ကျွန်တော်ရောက်ခဲ့တဲ့ သဖန်းဆိပ်ဆည်ကြီးဟာ စကားမပြောသော သက်သေကြီးတစ်ခုပါ မစု။ တပ်မတော်အစိုးရဟာ မစုကို VIPတစ်ယောက်လို သဘောထားပြီး တပ်မတော်အစိုးရရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို လှည့်လည်ပြသခဲ့ပါတယ်။ အဲဒီအချိန်မှာ မြန်မာပြည်သူလူထု တစ်ရပ်လုံးက တပ်မတော်အစိုးရနဲ့ မစု လက်တွဲကြမယ်ထင်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြရပါတယ်။ ဒါပေမယ့် မစုဟာ စကားမပြောတဲ့သက်သေတွေကို အလေးမထားဘဲ ပယ်ချခဲ့တယ်နော်။

မစုရေ– ကျွန်တော်ဟာ မိုင်၃၀ ရှည်လျားတဲ့ သဖန်းဆိပ်ဆည်ကြီး နံဘေးမှာ တစ်နေရာမှတစ်နေရာသို့ ရွက်ဖျင်တဲလေးနဲ့ ရွှေ့ပြောင်းရင်း သဖန်းဆိပ်ဆည်ရဲ့ ငါးအရင်းအမြစ် ကြွယ်ဝမှုကို လေ့လာခဲ့ပါတယ်။ သဖန်းဆိပ်ဆည်နံဘေးမှာ ရွှေ့ပြောင်းနေထိုင်ရင်းနဲ့ ဒေသခံ ရွှေဘိုနယ်သားတွေနဲ့ ရင်းနှီးခဲ့ပါတယ်။ ရွှေဘိုနယ်သားတော်တော် များများဟာ မစုကို အမြင်မကြည်ကြဘူးဆိုတာ ကျွန်တော် တွေ့ခဲ့ရပါတယ်။ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောရပါလျှင် မစုဟာ အမျိုးဖျက်သူ၊ တိုင်းပြည်ကို ဒုက္ခပေးတဲ့သူဖြစ်တယ်လို့ ရွှေဘိုနယ်သားတွေက ပြောဆိုကြပါတယ် မစု။

မစုရေ– ရွှေဘိုနယ်ဆိုတာ တတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့တဲ့ ဦးအောင်ဇေယျရဲ့ ဇာတိနယ်ပါ။ ရွှေဘိုသားတွေဆိုတာ ဦးအောင်ဇေယျ အမျိုးတွေပါ။ နောက်ပြီး ရွှေဘိုနယ်ထဲက ဒီပဲယင်းဆိုတာ စစ်သူကြီးမဟာဗန္ဓုလရဲ့ ဇာတိပါ။ ဒါကြောင့် ရွှေဘိုနယ်သားတွေဟာ မျိုးနဲ့၊ ရိုးနဲ့ ဇာတိသွေး၊ ဇာတိမာန် တက်ကြွတဲ့သူတွေပါ။ ဒီနေ့အထိ ရွှေဘိုနယ်သားတွေဟာ လမ်းသွားလမ်းလာထွက်ရင် ငှက်ကြီးတောင် ဓားရှည်တွေ ကိုင်နေကြတုန်းပါပဲ။ ဒီလို ဇာတိသွေး၊ ဇာတိမာန် တက်ကြွတဲ့ ရွှေဘိုနယ်သား တော်တော်များများဟာ မစုကို မလိုလားကြပါဘူး။ မစုကို အမျိုးဖျက်တဲ့သူ၊ တိုင်းပြည်ဖျက်တဲ့သူလို့ မြင်နေကြတယ်။ ဒီလိုနယ်မြေကို မစုလာပြီး ရုတ်ရုတ်ရက်ရက် လုပ်မယ်ဆိုရင် မစုအတွက် အန္တရာယ်များတယ်ဆိုတာ ကျွန်တော် တွက်ဆမိခဲ့ပါတယ်။ NLDထိပ်ပိုင်း ခေါင်းဆောင်တွေနဲ့ ရွှေဘိုနယ်က NLDပါတီဝင်တွေဟာ ဒီအခြေအနေတွေကို ကြိုတင်တွက်ဆမိပြီး ရွှေဘိုနယ်ကို မစုမလာဖို့ တားဆီးသင့်ပါတယ်။ ဒါပေမယ့် ဒါတွေက လွန်ခဲ့ပါပြီ။

မစုရေ– ဒီနေ့ ဒီအချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေဟာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး ဖြစ်လာဖို့ အာသာတငမ်းငမ်းနဲ့ လိုလားတောင့်တနေကြပါတယ်။ ကျွန်တော်တို့ဒေသက နိုင်ငံတွေဟာ ဖွံ့ဖြိုးတိုးတက်လာနေကြပါပြီ။ ကမ္ဘောဒီးယားနိုင်ငံတောင်မှ ဖွံ့ဖြိုးတိုးတက်ဖို့ တာစူနေပါပြီ။ ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ လူနေမှုအဆင့်မြင့်မားမှု၊ စားဝတ်နေရေး ချောင်လည်မှုတွေကို မြန်မာနိုင်ငံသားတိုင်း လိုချင်တောင့်တနေတဲ့အချိန်မှာ မစုဟာ အနောက်အုပ်စုရဲ့ အနှောင်အဖွဲ့မှ ရုန်းထွက်ပြီး နိုင်ငံတော်အစိုးရ၊ မြန်မာပြည်သူလူထုတို့နဲ့လက်တွဲဖို့ လိုအပ်နေပါပြီ။ သန်းပေါင်း ၅၀ ကျော်သော မြန်မာပြည်သူတို့ရဲ့မျက်နှာကို သမင်လည်ပြန် ငဲ့ကြည့်ပြီး ဆုပေါင်း ၈၀ ကျော်ဖြင့် ချုပ်နှောင်ထားသော အနောက်အုပ်စုရဲ့ အချုပ်အနှောင်မှ အမြန်ဆုံး ရုန်းထွက်လိုက်ပါလား မစုရယ်။

မစုရေ– ဒီပဲယင်း အချင်းကိစ္စဖြစ်ပြီး တစ်လလောက်အကြာမှာ ကျွန်တော်ဟာ သဖန်းဆိပ်ဆည်ကနေ မုံရွာကို ရောက်သွားပါတယ်။ မုံရွာမှာ ကျွန်တော်နဲ့ စိန်ဂွန်းကျောင်းနေဖက် သူငယ်ချင်းတစ်ယောက် ရှိပါတယ်။ သူငယ်ချင်းဆိုသော်လဲ ကျွန်တော့်ထက် တစ်တန်းကြီးပြီး ကျွန်တော့်ကို စာပြပေးခဲ့သူလဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အဆောင်မှူးလဲ ဖြစ်ပါတယ်။ သူဟာ တပ်မတော်အစိုးရ အုပ်ချုပ်ရေးပိုင်းက တာဝန်ရှိသူတစ်ယောက်ပါ။ ကျွန်တော်က သူနဲ့တွေ့တွေ့ချင်းပဲ ဒီပဲယင်းကိစ္စဖြစ်သွားတာ ကျွန်တော် စိတ်မကောင်းပါဘူးလို့ ပြောလိုက်ပါတယ်။ သူက ဟုတ်တယ် မင်းဆွေကြီး၊ ငါတို့လဲ စိတ်မကောင်းပါဘူး၊ ငါတို့က ဒေါ်စုကြည်နဲ့ ဦးတင်ဦးကို မုံရွာကနေ ပြန်လှည့်ဖို့၊ ရွှေဘိုဘက်ကို ရှေ့ဆက်မသွားဖို့ တားခဲ့ပါသေးတယ်။ ဘယ်လိုမှ ပြောလို့၊ တားလို့မရခဲ့ဘူးကွာ။ အဲဒီ မေ၃၀ ရက်နေ့ ညမှာပဲ ဒေါ်စုကြည်တို့ ဒီပဲယင်းနယ်ရောက်တော့ သူတို့ကို ထောက်ခံသူတွေနဲ့ ဆန့်ကျင်သူတွေ ရိုက်နှက်ခိုက်ရန်ဖြစ်ကြတယ်လို့ သိခဲ့ရကြောင်း ပြောပြခဲ့ပါတယ်။

တကယ်တော့ ဒီပဲယင်းကိစ္စဆိုတာ မစုနဲ့ဦးတင်ဦးတို့ရဲ့ တစ်ဇွတ်ထိုးလုပ်မှုကြောင့် ဖြစ်ခဲ့ရတဲ့ အချင်းကိစ္စတစ်ခုသာ ဖြစ်တယ်ဆိုတာ မစုနဲ့ဦးတင်ဦးတို့ ကောင်းစွာသိရှိကြမှာပါ။

မစုရေ– ခုတလော မစုလွတ်မြောက်ရေးဆိုပြီး မစုရဲ့ NLD ပါတီဝင်တချို့ဟာ ဘုရားတက်ဝတ်ပြုဆုတောင်းနေကြပါတယ်။ အင်အားကတော့ ၁၅ ယောက်၊ အယောက် ၂၀ လောက်ပါ။ ဒီနေရာမှာ မစုလွတ်မြောက်ရေးဆိုတာကို ကျွန်တော် နက်နက်နဲနဲ စဉ်းစားကြည့်ပါတယ်။ ဟုတ်ပါတယ်၊ မစုဟာ တကယ်ကိုအချုပ်အနှောင်ခံနေရတာပါ။ ဒါကြောင့် မစုဟာ လွတ်မြောက်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်လဲ မစုကို လွတ်မြောက်စေချင်ပါတယ်။ အနောက်အုပ်စု နိုင်ငံတွေဟာ မစုကိုဆုပေါင်း ၈၀ ကျော်ပေးပြီး ဒီဆုတွေနဲ့ မစုကိုချုပ်နှောင်ထားကြတာပါ။ ဒီဆုတွေကိုရခဲ့တဲ့ မစုဟာ ဒီဆုတွေကြောင့် သူတို့အလိုတော်ကျ လုပ်ခဲ့ရပါတယ်။ ဒီလို သူတို့အလိုတော်ကျ လုပ်ရင်းနဲ့ ဒီပဲယင်းအချင်းကိစ္စ ဖြစ်ခဲ့ရတာ ဖြစ်ပါတယ်။ ဒီတော့ နိုင်ငံတော်အစိုးရကလဲ ဒီပဲယင်း အချင်းကိစ္စမျိုး နောက်ထပ်မဖြစ်ရလေအောင် မစုကို နေအိမ်မှာ တားဆီးမိန့်ထုတ်ပြီး တားဆီးထားရတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအခြေအနေတွေကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ကြည့်မယ်ဆိုရင် အနောက်အုပ်စုရဲ့ အနှောင်အဖွဲ့များမှ မစုကိုယ်တိုင် မရုန်းထွက်သမျှ ကာလပတ်လုံး မစုဟာ သူတို့ရဲ့ အချုပ်အနှောင်က လွတ်မြောက်နိုင်မှာ မဟုတ်ဘူးဆိုတာ တွေ့ရပါတယ်။

...င် မရုန်းထွက်သမျှကာလပတ်လုံး

...နိုင်မှာ မဟုတ်ဘူးဆိုတာတွေ့ရ

...ာက်ဝတ်ပြုဆုတောင်းနေကြပါတယ်။ အင်အား ကတော့ ၁၅ယောက်၊ ...နဲ့ စဉ်းစားကြည့်ပါတယ်။ ဟုတ်ပါတယ်၊ မစုဟာ တကယ်ကို ...ါ မစုကိုလွတ်မြောက် စေချင်ပါတယ်။ အနောက်အုပ်စုနိုင်ငံတွေဟာ ...ရခဲ့တဲ့ မစုဟာ ဒီဆုတွေကြောင့် သူတို့အလိုတော်ကျ လုပ်ခဲ့ရပါတယ်။ ...နိုင်ငံတော်အစိုးရကလဲ ဒီပဲယင်းအချင်းကိစ္စမျိုး နောက်ထပ်မဖြစ်ရ ...ာင့် ဒီအခြေအနေတွေကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ကြည့်မယ်ဆိုရင် ...ာ သူတို့ရဲ့အချုပ်အနှောင်က လွတ်မြောက်နိုင်မှာမဟုတ်ဘူးဆိုတာ

မစုရေ– ဒီနေ့ ဒီအချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေဟာ နိုင်ငံတော်ကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်လာဖို့ အာသာတငမ်းငမ်းနဲ့ လိုလားတောင့်တနေကြပါတယ်။ ကျွန်တော်တို့ ဒေသက နိုင်ငံတွေဟာ ဖွံ့ဖြိုးတိုးတက်လာနေကြပါပြီ။ ကမ္ဘောဒီးယား နိုင်ငံတောင်မှ ဖွံ့ဖြိုးတိုးတက်ဖို့ တာစူနေပါပြီ။ ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ လူနေမှုအဆင့်မြင့်မားမှု၊ စားဝတ်နေရေး ချောင်လည်မှုတွေကို မြန်မာနိုင်ငံသားတိုင်း လိုချင်တောင့်တနေတဲ့အချိန်မှာ မစုဟာ အနောက်အုပ်စုရဲ့ အနှောင်အဖွဲ့မှ ရုန်းထွက်ပြီး နိုင်ငံတော်အစိုးရ၊ မြန်မာပြည်သူလူထုတို့နဲ့ လက်တွဲဖို့ လိုအပ်နေပါပြီ။ သန်းပေါင်း ၅၀ ကျော်သော မြန်မာပြည်သူတို့ရဲ့ မျက်နှာကို သမင်လည်ပြန်ငဲ့ကြည့်ပြီး ဆုပေါင်း ၈၀ ကျော်ဖြင့် ချုပ်နှောင်ထားသော အနောက်အုပ်စုရဲ့ အချုပ်အနှောင်မှ အမြန်ဆုံးရုန်းထွက်လိုက်ပါလား မစုရယ်။ ။



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဆမ်ဆောင်းရုပ်မြင်သံကြားပြစက်အား အရောင်းဝန်ထမ်း နှစ်ဦး ပြသနေသည်ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးကာကွယ်ရေးဝန်ကြီး ရာထူးမှနုတ်ထွက်

ဂျေရုဆလင် ဇွန် ၁၇

အစ္စရေး ကာကွယ်ရေးဝန်ကြီး အမီယာပီရက်ဇ်သည် ၎င်း၏ ရာထူးနေရာတွင် လေဘာပါတီဥက္ကဋ္ဌ အေဟွတ်ဘာရက်အား အစားထိုးခန့်ထားရန် အစိုးရက သဘောတူညီခဲ့ပြီးနောက် ဇွန် ၁၅ရက်က ရာထူးမှ နုတ်ထွက်သွားကြောင်း ဒေသထုတ် သတင်းစာတွင် ရေးသားဖော်ပြသည်။

မစ္စတာပီရက်ဇ်သည် ဇွန် ၁၅ရက်က အစ္စရေးဝန်ကြီးအဖွဲ့၌ အဖွဲ့ဝင်အဖြစ် ဆက်လက်မနေလိုတော့ကြောင်း ဝန်ကြီးချုပ် အေဟွတ်အိုမက်အား အသိပေး ကြေညာခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့ပြည်သူများ ကျန်းမာရေး တိုးတက်ကောင်းမွန်ရန် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုလျော့ကျရေး ဆောင်ရွက်သင့်

ဂျီနီဗာ ဇွန် ၁၇

ကမ္ဘာ့ပြည်သူများ၏ ကျန်းမာရေး တိုးတက်လာစေရန် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးမှု၊ ခရမ်းလွန်ရောင်ခြည်၊ ရာသီဥတုပြောင်းလဲမှုနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုအပါအဝင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများကို လျော့နည်းကျဆင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က ဇွန် ၁၃ရက်၌ ပြောကြားလိုက်သည်။

အကျိုးသက်ရောက်

သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခြင်းဖြင့် ကမ္ဘာတစ်ဝန်းတွင် သေဆုံးမှုများစွာကို ကာကွယ်တားဆီးပေးနိုင်ခဲ့ကြောင်း၊ သဘာဝပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များသည် ကျန်းမာရေးကို အကျိုးသက်ရောက်မှုရှိစေကြောင်း ဒဗလျူအိတ်ချ်အိုက ပြောကြားသည်။

ပြောကြား

ကမ္ဘာ့နိုင်ငံ ၂၃နိုင်ငံတွင် သေဆုံးမှု၏ ၁၀ ရာခိုင်နှုန်းသည် သဘာဝပတ်ဝန်းကျင်ကြောင့်ဖြစ်ပြီး သောက်သုံးရေ မသန့်ရှင်းမှု၊ သောက်သုံးရေမလုံလောက်မှု၊ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုစနစ် အားနည်းခြင်းနှင့် ကျန်းမာရေးအသိပညာ အားနည်းမှုတို့ကြောင့် ဖြစ်သည်ဟု ဒဗလျူအိတ်ချ်အိုက ပြောကြားသည်။

မလုံလောက်

ကမ္ဘာတစ်ဝန်းတွင် အသက်ငါးနှစ်အောက် ကလေးငယ်များ သေဆုံးမှု၏ ၇၄ရာခိုင်နှုန်းသည် သောက်သုံးရေ မသန့်ရှင်းမှုနှင့်မလုံလောက်မှုတို့အပါအဝင် လေထုညစ်ညမ်းမှုတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌ ပြန်ပေးဆွဲခံရသူ ဘရာဇီးအင်ဂျင်နီယာ အသတ်ခံရကြောင်း သတင်းထုတ်ပြန်

ဘရာဆီးလီးယား ဇွန် ၁၇

အီရတ်နိုင်ငံ ဆောက်လုပ်ရေးစီမံကိန်းတစ်ခု၌ အလုပ်လုပ်ကိုင်နေစဉ် ၂၀၀၅ခုနှစ်က ပြန်ပေးဆွဲခံရသူ ဘရာဇီးအင်ဂျင်နီယာ ဂျိုဂျို့စ်ဗတ်ကွန်ဆဲလိုမှာ သေဆုံးသွားပြီဖြစ်ကြောင်း ဘရာဇီးအစိုးရက ဇွန်၁၄ရက်တွင် အတည်ပြုကြေညာသည်။

ဖော်ပြ

အသတ်ခံရသူ အင်ဂျင်နီယာ၏ကြွင်းကျန်သည့်ရုပ်ကလာပ်ကိုစစ်ဆေးပြီးနောက် နေအိမ်သို့ပြန်လည်သယ်ဆောင်လာကြောင်း၊ ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင်ဖော်ပြသည်။ အမ်အင်န်အေ၊ရိုက်တာ

ယူအေအီးတွင် ပြည်ပနိုင်ငံသားငါးဦး မူးယစ်ဆေးဝါး မှောင်ခိုမှုဖြင့် ထောင်ဒဏ်ကျခံရ

အဘူဒါဘီ ဇွန် ၁၇

အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(ယူအေအီး)တွင်မူးယစ်ဆေးဝါး မှောင်ခိုမှုဖြင့် အာဖရိကတိုက်သားငါးဦးကို ထောင်ဒဏ်၁၀နှစ်စီ ချမှတ်ခဲ့ကြောင်း ပင်လယ်ကွေ့သတင်းဌာနက ဇွန် ၁၅ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။ ဒူဘိုင်းတရားရုံးက ဇွန် ၁၄ ရက်တွင် ပထမဦးဆုံး စံပြအဖြစ် ၎င်းတို့ကို ထောင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ထောင်ဒဏ်ချမှတ်

ထောင်ဒဏ်ချမှတ်ခံရသူငါးဦးမှာ လိုက်ဘေးရီးယားမှတစ်ဦး၊ ဂါနာတစ်ဦး၊ အိုင်ဗရီကို့စ် တစ်ဦး၊ နိုင်ဂျီးရီးယား နှစ်ဦးဖြစ်ပြီး တရုတ်နိုင်ငံသို့ ဘိန်းဖြူများကို ဆေးတောင့်သဏ္ဌာန်ဖန်တီးပြီး မှောင်ခိုတင်ပို့ရန် ကြိုးစားမှုကြောင့် ထောင်ဒဏ်ချမှတ်ခံရခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယအလယ်ပိုင်း၌ မိုးကြိုးပစ်ခံရ၍ ၂၁ဦးသေဆုံး

နယူးဒေလီ ဇွန် ၁၇

အိန္ဒိယနိုင်ငံအလယ်ပိုင်း ဂျက်ကာဟန်ဒေသတွင် ဇွန် ၁၃ ရက်က မိုးကြိုးပစ်ခံရ၍ ၂၁ဦးသေဆုံးသွားခဲ့ကြောင်း၊ သေဆုံးသူများတွင် ကျောင်းသားခြောက်ဦး ပါဝင်ကြောင်း အင်ဒိုအာရှသတင်းဌာနက ဇွန် ၁၄ ရက်က သတင်းထုတ်ပြန်သည်။

မိုးကြိုးပစ်

ဂျက်ကာဟန်ဒေသ ရမ်ပူရာကျေးရွာရှိ ကျောင်းတစ်ကျောင်း မိုးကြိုးပစ်ခံရသဖြင့် ကျောင်းသား ခြောက်ဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိသွားခဲ့သည်။ ကလေးငယ်များမှာ ကျောင်းကစားကွင်းအတွင်း ဆော့ကစားနေချိန်၌ မိုးကြိုးပစ်ချခံခဲ့ရခြင်း ဖြစ်သည်။

သေဆုံးသူများတွင် ဂျက်ကာရန်ရန်ချီဒေသမှ ခုနစ်ဦး၊ ဟာဇာရီဘတ်ဒေသမှ ခြောက်ဦး၊ ချက်ရာ၊ ဘာလူမတ်ရှ်နှင့် လိုဟာဒါဒါဒေသများမှ နှစ်ဦးစီ၊ ဂိုဒါနှင့်ဆာဟပ်ဂါနီဒေသများမှတစ်ဦးစီ သေဆုံးခဲ့ကြောင်း သိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

တူရကီ၌ ဗုံးပေါက်ကွဲ ငါးဦးဒဏ်ရာရ

အန်ကာရာ ဇွန် ၁၇

တူရကီနိုင်ငံ တောင်ပိုင်းတွင် ဇွန် ၁၅ရက်ကဘတ်စ်ကားဂိတ်အနီးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးဒဏ်ရာရရှိသွားခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဗုံးပေါက်ကွဲ

အဆိုပါဖြစ်ပွားမှုမှာ ဒိုင်ရာဘာကာမြို့၌ ဇွန် ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ဖြစ်ပွားခဲ့ကြောင်း၊ ဒိုင်ရာဘာကာ ဒေသရဲတပ်ဖွဲ့ အကြီးအကဲ ဇီကီကာတယ်ကေရာနှင့် တူရကီအရာရှိများသည် ဗုံးပေါက်ကွဲရာ နေရာသို့ အလျင်အမြန်သွားရောက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း အဆိုပါသတင်းတွင် ပါရှိသည်။

သေဆုံး

ဇွန် ၁၀ရက်က တူရကီနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော အစ္စတန်ဘူလ်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၄ဦး သေဆုံးသွားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ တောင်ပိုင်း၌ စက်လှေတစ်စင်း တိုက်မိသဖြင့် တံတားကျိုးကျ

ကွမ်ကျို့ ဇွန် ၁၇

တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ် ဖိုရှန်မြို့ရှိ တံတားတစ်စင်းအား ဇွန် ၁၅ရက် နံနက် ၅နာရီ ၁၀မိနစ်က သဲအပြည့်တင်ဆောင်လာသော စက်လှေတစ်စင်းဝင်ရောက်တိုက်မိရာမှ တံတားကျိုးကျမှု ဖြစ်ပွားခဲ့ကြောင်း ဖိုရှန်ရဲတပ်ဖွဲ့က ပြောကြားသည်။ (အပေါ်ပုံ)

ကျိုးကျပျက်စီး

တံတားမှာ မီတာ ၁၅၀ခန့် ကျိုးကျပျက်စီးခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများပြုလုပ်လျက်ရှိကြောင်း၊ စက်လှေမှ နှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိသွားသဖြင့် ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း၊ တံတားပေါ်မှ ကားများမြစ်အတွင်းသို့ ထိုးကျသွားခြင်းရှိမရှိကို မသိရှိသေးကြောင်း သို့ရာတွင် အဆိုပါ မတော်တဆမှုဖြစ်ပွားချိန်မှာ နံနက်စောစော ဖြစ်သဖြင့် ယာဉ်ကြောရှင်းချိန်ဖြစ်ကြောင်း ဖိုရှန်ရဲတပ်ဖွဲ့ အရာရှိတစ်ဦးက ပြောကြားသည်။

စတင်တည်ဆောက်

အဆိုပါတံတားသည် ၁၉၈၈ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး အရှည်မီတာ ၁၆၀၀ ခန့် ရှည်လျားကြောင်းသိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ဘရာဇီးနိုင်ငံ ဆောပေါလိုမြို့တွင် ကျင်းပသော နွေဦးနှင့် နွေရာသီဝတ်စုံပြပွဲတွင် ပါဝင်ပြသသည့် အလှမယ် တစ်ဦးအား ဇွန် ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ/ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုရသူများစာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၁၇

၂၀၀၇ခုနှစ် ဇွန် ၂၆ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ/ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို အကဲဖြတ်ရွေးချယ်ရေးအဖွဲ့များက စိစစ်ရွေးချယ်ပြီး ဆုရရှိသူများစာရင်းကို ဇွန် ၁၅ရက်က ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပြိုင်ပွဲ

ဝတ္ထုတိုပြိုင်ပွဲတွင် သန်းသန်းနိုင်(ယဉ်ကျေးမှုတက္ကသိုလ်)၏ **"အဖြူရောင်မျှော်လင့်ချက်"** ဝတ္ထုတိုက ပထမဆု၊ ရွှေဝန်းရံ၏ **"သခင်များ၏မနက်ဖြန်"** ဝတ္ထုတိုက ဒုတိယဆုနှင့် ဂမုန်းပွင့်(မကွေး)၏ **"တောင်ပြိုလမ်း"** ဝတ္ထုတိုက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ရေတာရှည် မောင်ငြိမ်းငယ်၏ **"မအေးမြိုင်ကို ပြောလိုက်ပါ"**၊ မောင်ဆန္ဒ(လယ်ဝေး)၏ **"ကျွန်တော့်နာမည် တင်ကိုဝင်းပါ"**၊ မိုးထွင့်ခေါင်၏ **"မိစ္ဆာဖမ်းပွဲ"**၊ နန္ဒာခင်(သက္ကလမြေ)၏ **"အနီရောင်မျက်ရည်စက်များ"** နှင့် ဗိုလ်လောင်းလွင်ဘိုဘိုအောင်(တပ်မတော်ဆေးတက္ကသိုလ်)၏ **"လောကဤမြေ လှပါစေ"** တို့ အသီးသီးရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲတွင် ဗိုလ်လောင်းလွင်ဘိုဘိုအောင်(တပ်မတော်ဆေးတက္ကသိုလ်)၏ **"မြန်မာ့တစ်ခွင် မူးယစ်ကင်းစင်အလှဆင်"** ဆောင်းပါးက ပထမဆု၊ သန်းသန်းနိုင်(ယဉ်ကျေးမှုတက္ကသိုလ်)၏ **"အမျိုးသားရေးအသိနှင့် ကာကွယ် မူးယစ်ဆေးဝါးအန္တရာယ်"** ဆောင်းပါးက ဒုတိယဆုနှင့် ခင်ဇော်(ဇီးကုန်း)၏ **"မူးယစ်ကင်းစင်ကမ္ဘာတွင် ပြည်ခွင်မြန်မာအလှဖြာ"** ဆောင်းပါးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ရန်မင်းအောင်(လပွတ္တာ)၏ **"မူးယစ်ကင်းစင်ကျန်းမာမှ တန်ဖိုးရှိလှ လူငယ်ဘဝ"**၊ မမြတ်သီရိမောင်၏ **"အမှိုက်ကစပြောသာဒ်မီးလောင် မူးယစ်ဆေးကို ဝေးဝေးရှောင်"**၊ မောင်မောင်ဝင့်ဝါ(မြန်မာ့အသံ)၏ **"ဘိန်းကင်းနိုင်ငံအဖြစ် ကြေညာပစ်မည့် မြန်မာ"**၊ မောင်ဆန္ဒ(လယ်ဝေး)၏ **"မူးယစ်ကင်းစင်ကျန်းမာမှ တန်ဖိုးရှိလှ လူငယ်ဘဝ"** နှင့် ဝတ်ရည်ခင်(ပဲခူး)၏ **"မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် အမိမြန်မာနိုင်ငံတော်"** တို့ အသီးသီးရရှိကြသည်။

ကဗျာပြိုင်ပွဲ

ကဗျာပြိုင်ပွဲတွင် ဦးအောင်တင်(စိန်ရည်လျှံ)၏ **"အလင်းတန်းဖွင့် အောင်ပွဲဆင့်စို့"** ကဗျာက ပထမဆု၊ သူဇာနွယ်(ဖျာပုံ)၏ **"မူးယစ်ကင်းစင်ကျန်းမာမှ တန်ဖိုးရှိလှ လူငယ်ဘဝ"** ကဗျာက ဒုတိယဆုနှင့် ဦးပဏ္ဍိတာနန္ဒ(မြတ်ဘုန်း–တပ်ကုန်း)၏ **"မူးယစ်ကင်းပ တိမ်စင်လ လူငယ်ဘဝအစဉ်လှ"** ကဗျာက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဖေသိန်းမြင့်၏ **"မူးယစ်ကင်းစင် အလှဆင် ဘဝင်ချမ်းမြ မွှေးပန်းလှသည် ရွှေဌာနီ"**၊ သင်းသင်းယု(တိုင်းရင်းဆေး)၏ **"မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်"**၊ မောင်မောင်မိုးအောင်၏ **"ဘုံရန်သူအမွေဆိုးပေမို့"**၊ အဖျောက်မြေ မောင်ဆွေမွန်၏ **"မူးယစ်ကင်းစင်ကျန်းမာမှ တန်ဖိုးရှိလှ လူငယ်ဘဝ"** နှင့် မောင်သင်းပျံ(ကျိုက်ထော်)၏ **"သမိုင်းတစ်ခေတ် ကဏ္ဍာသစ်ချိန်"** တို့ အသီးသီးရရှိကြသည်။

တေးသီချင်းပြိုင်ပွဲ

တေးသီချင်းပြိုင်ပွဲတွင် စိုင်းဆန်းဝင်းဗိုလ် (လူကလေး)၏ **"မူးယစ်ဆေးကို ဝေးဝေးရှောင်"** တေးသီချင်းကပထမဆု၊ နေမွန်ရွှေဝင်း၏ **"မူးယစ်ကင်းစင် ဒို့မြန်မြေ (ပြည်)"** ၏ တေးသီချင်းကဒုတိယဆုနှင့် ချစ်စမ်းမောင် (အသုတ်)၏ **"တိုက်ဖျက်မူးယစ် ရွှေပြည်သစ်"** တေးသီချင်းက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မိုးအောင်ဇင် (ဥပဒေ)၏ **"မူးယစ်ကင်းစင် ကျန်းမာမှ တန်ဖိုးရှိလှ လူငယ်ဘဝ"**၊ စိုးစိုး (မြန်မာစာ)၏ **"လူတိုင်းကိုယ်စီတာဝန်တည်"**၊ အေးမြတ်သူ (ယုကီ)၏ **"ပန်းတိုင်သစ်၏အောင်မြင်ခြင်းအားမာန်"**၊ ခင်မြဆွေ၏ **"ပန်းတိုင်သစ်နဲ့အားဖြည့်ချီ"** နှင့် ဇော်ဟိန်း (သစ္စာပန်း)၏ **"မူးယစ်ကင်းစင်ကျန်းမာမှ တန်ဖိုးရှိလှ ဒို့ဘဝ"** တို့ အသီးသီးရရှိကြသည်။

ပန်းချီပြိုင်ပွဲ

အသက် (၁၀)နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မဖူးသဥ္ဇာနိုင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက ပထမဆု၊ မဆုထိပ်ထား အလက (၁) ဒဂုံက ဒုတိယဆုနှင့် မခင်ကြေးမုံဦး ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဆုသက်ဘရဏီ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ မောင်ဉာဏ်လင်းထက်နိုင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ မောင်အောင်သီ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ မောင်သီဟသွေး အထက (၆) ဗိုလ်တထောင်နှင့်မဇာခြည်ကိုကိုနိုင် အထက (၁)ဒဂုံတို့ အသီးသီးရရှိကြသည်။

အသက် (၁၀–၁၅)နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မအေးမြတ်သူ အထက (၂)လသာက ပထမဆု၊ မောင်စည်သူအောင် အထက (၅) တာမွေက ဒုတိယဆုနှင့် မနွေးရတနာထွန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မပွင့်မြတ်သူ အထက (၂)လသာ၊ မခိုင်မေသူရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်း၊ မောင်ကောင်းထက်ကျော် အထက (၅)တာမွေ၊ မပိုင်းစန္ဒီထွန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းနှင့် မောင်သက်ပိုင်စိုး အထက (၆)ပုသိမ်တို့က အသီးသီးရရှိကြသည်။

အသက် (၁၅–၂၀)နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မောင်ဝင်းမြတ်သူ ဒဂုံတက္ကသိုလ်က ပထမဆု၊ မောင်မင်းဇော်ထူး အနောက်ပိုင်းတက္ကသိုလ်က ဒုတိယဆုနှင့် မမေအိမ်စည်ဦး ယဉ်ကျေးမှုတက္ကသိုလ်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်အောင်ကျော်သူ ပုသိမ်တက္ကသိုလ်၊ မဇင်မာငြိမ်း ယဉ်ကျေးမှုတက္ကသိုလ်၊ မောင်သန်းထိုက်စိုး ကျိုက်လတ်၊ မောင်စည်သူစိုး အထက ဒိုက်ဦးနှင့် ရဲမြတ်အောင် နည်းပညာတက္ကသိုလ်တို့ အသီးသီးရရှိ ကြသည်။

အသက်(၂၀)အထက် ပန်းချီပြိုင်ပွဲတွင် ဦးအောင်မိုး(ရှမ်းလေးပန်းချီ)က ပထမဆု၊ ဦးမောင်မောင်(ကျောက်တန်း)က ဒုတိယဆုနှင့် ရဲထွဋ်အောင်(လောကနတ်ပန်းချီ)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးကျော်ဆင့်(ကံ့ကော်ပန်းချီ)၊ မောင်မောင်ဝင်း(ပုသိမ်)၊ ဦးသာထို(ပုသိမ်)၊ မထွေးထွေးလှိုင်(ဒဂုံတက္ကသိုလ်)နှင့် မောင်ဝင်းဖြိုး(ယဉ်ကျေးမှုတက္ကသိုလ်)တို့ အသီးသီး ရရှိကြသည်။

ကာတွန်းပြိုင်ပွဲ

အသက်(၁၀)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မမြေင့်မြတ်သူ အမက(၂၀) ပုသိမ်က ပထမဆု၊ မောင်အောင်သီ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက ဒုတိယဆုနှင့် မောင်သူရပိုင်စိုး အထက(၆)ပုသိမ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဘုန်းထက်အောင် အမက(၁)လသာ၊ မောင်သီဟသွေး အထက(၆)ဗိုလ်တထောင်၊ မခင်ကြေးမုံဦး ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်း၊ မခင်ထက်ထက်ကျော် အမက(၂၃)စစ်တွေနှင့် မအေးမြတ်မော် အလက ကျောက်တန်းတို့ အသီးသီးရရှိကြသည်။

အသက်(၁၀–၁၅)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မအေးမြတ်သူ အထက(၂)လသာက ပထမဆု၊ မောင်ရဲဇာနည်အောင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက ဒုတိယဆုနှင့် မခိုင်မေသူ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မပွင့်မြတ်သူ အထက(၂)လသာ၊ မောင်သက်ပိုင်စိုး အထက(၆)ပုသိမ်၊ မနွေးရတနာထွန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ စိုင်းသီဟအောင် အမက(၂၉) တောင်ဥက္ကလာနှင့် မစိမ့်သဥ္ဇာညွန့် အထက(၁)ဒဂုံတို့ အသီးသီးရရှိကြသည်။

အသက်(၁၅–၂၀)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မောင်အောင်ကျော်သူ (ပုသိမ်တက္ကသိုလ်)က ပထမဆု၊ မောင်ဟိန်းပိုင်ထူးချစ် အထက(၉)မော်လမြိုင်က ဒုတိယဆုနှင့် မောင်ငြိမ်းကိုကို အထက(၁)စစ်ကိုင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဗဟိန်း(ပုသိမ်တက္ကသိုလ်)၊ မနှင်းဝေဝေအောင် အထက သုဝဏ္ဏ၊ မနိုနိုထူး အထက(၃)မြောက်ဥက္ကလာ၊ မောင်ဝင်းမြတ်သူ (ဒဂုံတက္ကသိုလ်)နှင့် မောင်ကျော်ဝင်းသူ အထက ပန်းတောင်းတို့က အသီးသီး ရရှိကြသည်။

အသက်(၂၀)အထက် ကာတွန်းပြိုင်ပွဲတွင် ကာတွန်းသီတာမြင့်က ပထမဆု၊ ကာတွန်းသိန်းထွန်းက ဒုတိယဆုနှင့် ဦးမောင်မောင်(ကျောက်တန်း)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ရဲထွဋ်အောင်(လောကနတ်)၊ ကာတွန်းရွှေကိုဦး၊ ကာတွန်းငွေအောင်၊ ဦးအောင်မိုး(ရှမ်းလေးပန်းချီ)နှင့် ကာတွန်းနီလာမြင့်တို့ အသီးသီးရရှိကြသည်။

ပိုစတာပြိုင်ပွဲ

အသက်(၁၀)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မဖူးသဥ္ဇာနိုင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက ပထမဆု၊ မောင်အောင်သီ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက ဒုတိယဆုနှင့် မောင်သူရပိုင်စိုး အထက(၆) ပုသိမ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မခင်ကြေးမုံဦး ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်း၊ မဆုထိပ်ထား အလက(၁)ဒဂုံ၊ မောင်သီဟသွေး အထက(၆)ဗိုလ်တထောင်၊ မအေးမြတ်မော် အလက (ကျောက်တန်း)နှင့် မောင်ပြည့်ဖြိုးထွန်း အထက(၂)ကျောက်တန်းတို့ အသီးသီးရရှိကြသည်။

အသက်(၁၀–၁၅)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မောင်စည်သူအောင် အထက(၅)တာမွေက ပထမဆု၊ မောင်အောင်သူရ အထက(၁)မန္တလေးက ဒုတိယဆုနှင့် မအေးမြတ်သူ အထက(၂)လသာက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မနွေးရတနာထွန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ မပွင့်မြတ်သူ အထက(၂)လသာ၊ မောင်ချမ်းထိုက် အထက(၂)ပုသိမ်၊ မောင်ကောင်းထက်ကျော် အထက(၅)တာမွေနှင့် မောင်ဟိန်းဝဏ္ဏ အထက(၃) ကြည့်မြင်တိုင်တို့ အသီးသီးရရှိကြသည်။

အသက်(၁၅–၂၀)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မောင်ရဲမြတ်အောင် (နည်းပညာတက္ကသိုလ်)က ပထမဆု၊ မဇင်မာငြိမ်း(ယဉ်ကျေးမှုတက္ကသိုလ်)က ဒုတိယဆုနှင့် မောင်အောင်ကျော်သူ(ပုသိမ်တက္ကသိုလ်)က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ဝင်းမြတ်သူ(ဒဂုံတက္ကသိုလ်)၊ မောင်ဝေမင်းသူ(အထက သဲကုန်း)၊ မောင်သျှိုင်းထက်အောင်(အထက ပေါက်ခေါင်း)၊ မောင်စိုင်းကောင်းသူရ[အထက(၁)တောင်ကြီး]နှင့် မမေအိမ်စည်ဦး(ယဉ်ကျေးမှု တက္ကသိုလ်)တို့ အသီးသီးရရှိကြသည်။

အသက်(၂၀)အထက် ပိုစတာပြိုင်ပွဲတွင် ဦးအောင်မိုး(ရှမ်းလေးပန်းချီ)က ပထမဆု၊ ရဲထွဋ်အောင်(လောကနတ်ပန်းချီ)က ဒုတိယဆုနှင့် ဒေါ်ဝင်းဝင်း (ပဲခူး)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးငွေအောင်(ကာတွန်းငွေအောင်)၊ ကိုကျော်ဆင့်(ကံ့ကော်ပန်းချီ)၊ မောင်ဇော်ထက်(သန်လျင်)၊ ဦးမောင်မောင် (ကျောက်တန်း)နှင့် ဦးကံသိန်း (ပုသိမ်)တို့ အသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲ

ကွန်ပျူတာပန်းချီ အခြေခံပညာအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မသက်ပုံချစ် အလက(၁)ပုသိမ်က ပထမဆု၊ မဖြိုးအိဇင် အထက(၁)တာမွေက ဒုတိယဆုနှင့် မရတနာဆုရှင် အထက(၃)ပဲခူးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မနှင်းအိမ်ယွန်း အလက(၁)ပုသိမ်၊ မဝေဇင်ဦး အထက(၈)မော်လမြိုင်၊ မနေခြည်သန်းဝင်း အလက(၄)မကွေး၊ မောင်ကောင်းထွဋ်စံ အလက(၄) မြစ်ကြီးနားနှင့် မမေဇင်အောင် အထက(၁)လမ်းမတော်တို့ အသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီ အခြေခံပညာအထက်တန်းဆင့်ပြိုင်ပွဲတွင် မောင်အောင်ပိုင်စိုး အထက(၃) ပဲခူးက ပထမဆု၊ မောင်သက်ပိုင်စိုး အထက (၆) ပုသိမ်က ဒုတိယဆုနှင့် မောင်ကျော်ထက်နောင် အထက(၁)ဒဂုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မခွန်းသံသာထွဋ် အလက (၃) လားရှိုး၊ မောင်သူရပိုင်စိုး အထက (၆) ပုသိမ်၊ မောင်စိုးကျော်လွင် ရခိုင်ပြည်နယ်၊ မောင်နိုင်လင်းအောင် အထက(၉)မော်လမြိုင်နှင့် မဖြိုးသဥ္ဇာအောင် အထက(၁) ပန်းဘဲတန်းတို့ အသီးသီးရရှိကြသည်။

ကွန်ပျူတာဒီဂျစ်တယ်ပိုစတာ အလွတ်တန်းပြိုင်ပွဲတွင် မောင်ဂျက်ဖရီတင် ကွန်ပျူတာတက္ကသိုလ်က ပထမဆု၊ မသူဇာမို့မို့လွင်က ဒုတိယဆုနှင့် မဝေဝေဟန်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးမောင်ဦး ပန်းချီပန်းပုကျောင်း (ရန်ကုန်)၊ စိုင်းရစ်ချတ်ဂူးဘရိုင်း (ပုသိမ်)၊ ဦးမောင်မောင်ဇော်ဝင်း (တောင်ကြီး)၊ မောင်မင်းထက်ကျော် ဒဂုံတက္ကသိုလ်နှင့် မနှင်းမြတ်ထွေး မင်္ဂလာဒုံမြို့နယ်တို့ အသီးသီးရရှိကြသည်။

ဓာတ်ပုံအလွတ်တန်းပြိုင်ပွဲ

ဓာတ်ပုံအလွတ်တန်းပြိုင်ပွဲတွင် ဦးသောင်းဝင်းဗိုလ် ဗိုလ်တထောင်မြို့နယ်က ပထမဆု၊ အောင်ကျော်ထွန်း ပုသိမ်ကြီးက ဒုတိယဆုနှင့် အောင်ပြည့်စုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးသောင်းဝင်းဗိုလ် ဗိုလ်တထောင်မြို့နယ်၊ အေကေမိုး(သတ္တဗေဒ)၊ ယူနက်စ်ကို ထွန်းအောင်ကျော်နှစ်ဆုနှင့် မောင်မောင်မြင့်စိန်တို့ အသီးသီးရရှိကြသည်။

ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုသာ ၂၀၀၇ ခုနှစ် ဇွန်၂၆ရက်တွင် ဆုများချီးမြှင့်ပြီး ကျန်အထူးဆုရရှိသူများအား သက်ဆိုင်ရာပြည်နယ်၊ တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ တစ်ဆင့် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်းနေ ဦးလှဌေး–ဒေါ်တင်တင်ဌေး၊ သားသမီး၊ မြေးတစ်စုတို့က ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) (၂၆) ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန် ဆုပေးပွဲနှင့် ဘွဲ့ထူး၊ ဂုဏ်ထူးရ ပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုပွဲတွင် ဂုဏ်ထူးဆောင် နာယက ဒေါ်ရီရီလှ (မားသားလင်းအင်း)က ထာဝရ ပညာရေးပဒေသာပင် ငွေကျပ် ၁၀သိန်း စိုက်ထူလှူဒါန်းသဖြင့် ဥက္ကဋ္ဌ ဦးဘဝင်းနှင့် အမှုဆောင်များက မှတ်တမ်းတင် ဂုဏ်ပြုလွှာပေးအပ်စဉ်။ (က–ပ)

မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်းစာအုပ်ပြီးစီးခြင်းနှင့် စာအုပ်မူပိုင်ခွင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့လှူဒါန်း

ရန်ကုန် ဇွန် ၁၇

မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်းစာအုပ် ပြီးစီးခြင်းနှင့် စာအုပ်များမူပိုင်ခွင့်တို့အား Eleven Media Group မှ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ည ၆နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်း

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်း ပြုစုရေးအဖွဲ့ကိုယ်စား ဦးခင်မောင်ထွေး (ခင်မောင်ထွေး-ပျဉ်းမနား)က မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်းစာအုပ် ပြုစုခဲ့ပုံများကို ရှင်းလင်းပြောကြားသည်။

လက်ခံရယူ

ထို့နောက် Eleven Media Group ၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာသိန်းမြင့်က မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်းစာအုပ် ၁၀၀၀ရောင်းရငွေ ကျပ်သိန်း၅၀ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီသို့ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံရယူသည်။

ယင်းနောက် မြန်မာ့ဘောလုံးသမိုင်း မှတ်တမ်းပြုစုရေးအဖွဲ့ကိုယ်စား ဝါရင့်အားကစားကလောင်ရှင် ဦးထွန်းသာ(မောင်ရဲဝင်း)က မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်း စာအုပ်၏ မူပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်းစာအုပ် ၂၀၀အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က လက်ခံရယူသည်။

တစ်ဖန် Eleven Media Group ၏ ပင်တိုင်ဆောင်းပါးရှင်များဖြစ်ကြသော ဦးခင်မောင်ထွေး (ခင်မောင်ထွေး-ပျဉ်းမနား)နှင့် ဦးတင်နိုင်တိုးတို့က မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်းစာအုပ် ၁၀၀အား ပြန်ကြားရေးဝန်ကြီးဌာန စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးအေးကြွယ်က လက်ခံရယူသည်။

ဝမ်းမြောက်

ထို့နောက် မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်းစာအုပ် ပေးအပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဝမ်းမြောက်ကြောင်း ပြောကြားသည်။

ယခုကျင်းပသော အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းကြီးများ စုံစုံညီညီ တက်ရောက်ခဲ့ကြသည်။ ယခု ပြုစုပြီးစီးခဲ့သော မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်းစာအုပ်တွင် အပိုင်းလေးပိုင်း ခွဲခြားပြုစုထားကြောင်းသိရသည်။

လေးနှစ်ကြာ

အပိုင်း(၁)တွင် ၁၈၇၈-၁၉၃၉ခုနှစ်အထိ ဘောလုံးအားကစား မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာခြင်း နှစ်အလိုက် ပွဲစဉ်များ၊ မှတ်တမ်းနှင့် စစ်ကြိုခေတ်ဘောလုံးအသင်းများအကြောင်း ပါရှိသည်။ အပိုင်း(၂)တွင် ၁၉၄၀-၁၉၅၉ခုနှစ်အထိ နှစ်အလိုက် ပွဲစဉ်မှတ်တမ်းများ ပါရှိပြီး အပိုင်း(၃)၌ ၁၉၆၀-၁၉၇၉ခုနှစ်အထိ နှစ်အလိုက်ပွဲစဉ်မှတ်တမ်းများ၊ ထင်ရှားသော ဘောလုံးသမားအချို့ ပါရှိသည်။ အပိုင်း(၄)တွင် ၁၉၈၀-၂၀၀၅ခုနှစ်အထိ နှစ်အလိုက် ပွဲစဉ်မှတ်တမ်းများ၊ ထင်ရှားသော ကစားသမားအချို့နှင့် ဓာတ်ပုံမှတ်တမ်းများ ပါရှိသည်။ အဆိုပါစာအုပ်ကို လေးနှစ်ခွဲကြာပြုစုခဲ့ပြီး စာမျက်နှာပေါင်း၅၂၀ပါရှိသည်။

(မြန်မာ့အလင်း)

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ Eleven Media Group ၏ မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာသိန်းမြင့်က မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်းစာအုပ် ၁၀၀၀ ရောင်းရငွေ ကျပ်သိန်း ၅၀ ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီသို့ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ကိုးဘွဲ့ရဓမ္မသဘင်

ရန်ကုန် ဇွန် ၁၇

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ သာသနာပြုဓမ္မကထိကဆရာတော် အရှင်အာစာရလင်္ကာရ အရှင်မြတ်သည် ဇွန်၂၀ရက်ညတွင် ချောက်မြို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးဈာပနပွဲ၊ ၂၁ရက်ညတွင် ပုဂံ-ညောင်ဦးမြို့ ရွှေစည်းခုံမြတ်စွာဘုရားဝင်းအတွင်း ဇေယန္တ၁၀က်ပါ တန်ဆောင်းအတွင်း ညောင်ဦးသံတဲဟိုတယ်မိသားစုတရားပွဲ၊ ၂၅ရက်ညတွင် ကူမဲမြို့ လယ်ပြင်ကျောင်းတိုက် ဦးမြင့်အောင်-ဒေါ်မြမြဝင်း မိသားစု အလှူပွဲ၊ ၂၇ရက် နံနက်၇နာရီတွင် မုံရွာမြို့ ဘုရားအနေကဇာတင်နှင့် တိုက်သစ်တက်ပွဲ၊ ညနေ၄နာရီတွင် ကလေးအထူးတရားပွဲ၊ ည ၈နာရီတွင် မုံရွာ အောင်မင်္ဂလာရပ်ကွက် ညကြီးပွဲ၊ ၂၈ရက်တွင် အရာတော်မြို့နယ် မလဲသာရွာ ဘုရားထီးတင်ပွဲ၊ ၂၉ရက်ညတွင် မန္တလေးမြို့ မဟာမြိုင်(၂)ရပ်ကွက်၊ ၆၁လမ်း၊ ၄၁x၄၂ကြား ဒေါ်မြမြဝင်း မွေးနေ့အလှူတရားပွဲ၊ ၃၀ရက်နှင့် ဇူလိုင် ၁ရက်တို့တွင် ပျော်ဘွယ်မြို့ မြို့တော်ခန်းမကြီးအတွင်း ဦးတင်ငွေ-ဒေါ်ခင်စန်းဝင်း မိသားစု၏ မိခင်ဒေါ်ညိုမွေးနေ့အထူးပွဲ၊ ဇူလိုင်၂ရက်မှ၆ရက်အထိ ငါးရက်တိုင်တိုင် မိတ္ထီလာမြို့ မြို့လယ် သာသနာ့ဗိမာန်တော်ကြီး အထူးတရားပွဲ၊ ၇ရက်နှင့်၈ရက်တို့တွင် ဝမ်းတွင်းမြို့နယ် လျှော်ပင်ရွာအထူးတရားပွဲတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲရက်ရရှိပြီးသူများသည် ဆရာတော် ဖုန်း- ၀၉-၂၁၃၀၈၉၅၊ ၀၁-၇၀၈၄၀၃၊ ၀၉-၉၉-၇၀၄၈၆နှင့် ၀၇၂-၂၂၁၇၀ တို့သို့ ကြိုတင်ဆက်သွယ်ကြရန်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)ကျေးရွာစာကြည့်တိုက်များသို့ ရုပ်/သံ စက်နှင့် စာအုပ်စာစောင်များ လှူဒါန်း

ရန်ကုန် ဇွန် ၁၇

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီတို့က ဇွန် ၁၂ရက်တွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ တိုင်းနှင့် ခရိုင်မှ လှူဒါန်းလက်ခံ ရရှိသော ရုပ်မြင်သံကြားစက်နှင့် စာအုပ်စာစောင်များ ပြန်လည်လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်ရုံး၌ ကျင်းပသည်။ **(ဝဲပုံ)**

ရည်ရွယ်ချက်

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးသက်ဇင်ဦးက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူအားလုံး လူ့စွမ်းအား ဖွံ့ဖြိုးရေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဦးက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာအုပ် စာစောင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် မြို့နယ်အတွင်းရေးမှူး ဦးသက်ဇင်ဦး၊ ပြန်/ဆက်ဦးစီးမှူးနှင့် မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ရုပ်မြင်သံကြားစက်နှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာစာကြည့်တိုက်မှ တာဝန်ရှိသူများက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

ခွေးလေ ခွေးလွင့် ရှင်းလင်းပေးပါ

စာတည်းရှင့်-

လှည်းတန်း ကမာရွတ်မြို့နယ် အမှတ် ၃ ရပ်ကွက်ရှိ ပုလဲဂေဟာလမ်းနှင့် အနောက် ပုလဲဂေဟာလမ်းတို့တွင် ခွေးလေ ခွေးလွင့်များ သောင်းကျန်းနေပါသဖြင့် ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူ**

လမ်းအတွင်းက ဈေးသည်များ ဖယ်ရှားပေးစေလို

စာတည်းရှင့်-

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး တောင်ရပ်ကွက် ၉၁လမ်း သိမ်ဖြူဈေးအနီး၌ ဈေးသည်များ လူနေအိမ်ရှေ့လမ်းမတွင် သား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များရောင်းချလျက် ရှိပါသည်။ ၎င်းဆိုင်များ၏ အညစ်အကြေးများကို စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းကြောင့် အနံ့အသက်များ ထွက်ပေါ်ပြီး ပတ်ဝန်းကျင်အိမ်များတွင် ယင်နှင့်ခြင်များ ဝင်ရောက်ခြင်းကို ခံစားနေကြရသဖြင့် စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသာယာလိုသူ

ရေနုတ်မြောင်း ထားရှိပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၈)ရပ်ကွက် ကီလီရိပ်သာလမ်း ခြံတစ်ခြံတွင် ရှစ်ထပ်တိုက်ကွန်ဒိုမီနီယမ် ဆောက်လုပ်လျက်ရှိရာ ၎င်းအဆောက်အအုံ၌ ရေနုတ်မြောင်းများ မရှိသဖြင့် မိုးရွာတိုင်း ဘေးခြံများသို့ စီးဝင်နေပါသည်။ သို့ပါ၍ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းထားရှိပေးပါရန် တင်ပြအပ်ပါသည်။

ကီလီရိပ်သာလမ်းသား

လမ်းပေါ်ဈေးဆိုင်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ပိတောက်ရိပ်သာ (၃)လမ်းပေါ်တွင် ဈေးဆိုင်များ တည်ဆောက်ထားခြင်းကြောင့်လမ်းသွားလမ်းလာများသွားလာရေးခက်ခဲပြီးစိတ်အနှောင့်အယှက် ဖြစ်ရပါသဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဖော့ကန်သား

ကားဘော်ဒီရုံကြောင့် အနှောင့်အယှက်ဖြစ်

စာတည်းခင်ဗျား-

ပုသိမ်မြို့ အမှတ် (၈)ရပ်ကွက် သရောင်းချောင်းလမ်းရှိ ကားဘော်ဒီ စက်ပြင် အလုပ်ရုံနှစ်ရုံမှာ ကားဘော်ဒီ ထုခြင်း၊ ဆေးမှုတ်ခြင်း၊ သံချောင်းများ မီးဖုတ်ခြင်း၊ ဘက်ထရီအိုးများအားသွင်းခြင်း၊ သံဂဟေဆော်ခြင်းတို့ကို နေ့စဉ်ပြုလုပ်နေပါသဖြင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများ အနှောင့်အယှက်ဖြစ်ရပါ၍ စစ်ဆေးကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်သူ

မုန့်ဟင်းခါးဖို အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ် (၈၈) ရပ်ကွက်အတွင်း ဂန့်ဂေါ မြိုင်လမ်းထိပ်နှင့် ငွေဇင်ယော် လမ်းမဘေးရှိ မုန့်ဟင်းခါးဖိုမှ ထွက်ရှိသော ချဉ်စုပ်စုပ် အနံ့များကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့မခံနိုင်သူ**



ကျူးကျော်ဆိုင်များ ဖယ်ရှားပြီးစီး

၃၀-၄-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မော်လမြိုင်မြို့နယ် ဝွေးကုန်းကျေးရွာနှင့် နောင်ခရီကျေးရွာကြား လမ်းမပေါ်ရှိ ကျူးကျော်ဆိုင်များ ဖယ်ရှားပေးပါ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **(အပေါ်ပုံ)**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

အုတ်ပုံကြောင့် ရေမြောင်းပိတ်ဆို့မှု ဆောင်ရွက်ပြီးစီး

၂၁-၅-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မော်ဘီမြို့နယ် လှပဒါးရွာအနီး ဇမ္ဗူထိပ် မဟာအတုလ ဘုန်းတော်ကြီးကျောင်းဘေး လယ်မြေနှင့် လမ်းကြားအုတ်ပုံကြောင့် ရေမြောင်းပိတ်ဆို့မှု** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကမ္ဘာတစ်လွှား အားကစား

မန်ယူ အတွက်လက်စွမ်းပြဦးမည့် ဗန်ဒါဆား

လန်ဒန် ဇွန် ၁၇

မန်ယူအသင်းကို ၂၀၀၆-၂၀၀၇ခုနှစ် ဘောလုံးရာသီ၌ ပရီမီယာလိဂ် ဖလားကိုရအောင် စွမ်းဆောင်ပေးခဲ့သူများတွင် ဂိုးသမားဗန်ဒါဆားလည်း ပါဝင်နေသည်။ လာမည့်ဘောလုံးရာသီ၌ မန်ယူအသင်းအတွက် ဂိုးသမား ထပ်မရှာတော့ဟု နည်းပြဖာဂူဆန်က ပြောကြားလိုက်ပြီဖြစ်သည်။

တာဝန်ယူ

၁၉၇၀ပြည့်နှစ် အောက်တိုဘာ ၂၉ရက်၌ ဟော်လန်နိုင်ငံတွင် မွေးဖွားခဲ့သော ဗန်ဒါဆားသည် ယခုအသက် ၃၇နှစ်ပြည့်တော့မည် ဖြစ်သည်။ အသက်အရွယ်ရရှိလာသော်လည်း မန်ယူဂိုးပေါက်ကို လာမည့်ဘောလုံးရာသီ၌ ဆက်လက်စောင့်ကြပ်တာဝန်ယူပေးနိုင်သည့် သူတစ်ဦးဟု ဖာဂူဆန် ယုံကြည်ထားသည်။

ဖမ်းယူနိုင်

ဗန်ဒါဆား၏ ကိုယ်ပိုင်အရည်အချင်းများမှာ တည်ငြိမ်မှု၊ အေးဆေးမှု၊ လျင်မြန်မှုနှင့်အမှားအယွင်းကင်းမှုများပင်ဖြစ်ရာ အရပ်အမောင်းခြောက်ပေ၊ ငါးလက်မမြင့်သော်လည်း အပေါ်ဘော၊ အောက်ဘောများကို သေသပ်ပိရိစွာ ဖမ်းယူနိုင်သူတစ်ဦးလည်း ဖြစ်သည်။

ရပ်နားမည်

မန်ယူအသင်းအနေဖြင့် လာမည့်ဘောလုံးရာသီတွင် စိန်ခေါ်မှုများနှင့် အတူ ပရီမီယာလိဂ်ဖလားကို ကာကွယ်ရမည်ဖြစ်ရာ လောလောဆယ် အသင်း၌ကွင်းလယ်ကစားသမားနှစ်ဦး၊ တောင်ပံကစားသမား တစ်ဦးတို့ ခေါ်ယူထားပြီးဖြစ်ရာ နောက်ထပ်တိုက်စစ်မှူးတစ်ဦး ထပ်မံခေါ်ယူပြီးလျှင် ဘောလုံးသမားအသစ် ဝယ်ယူဖြည့်တင်းရေးကို ရပ်နားမည် ဖြစ်သည်။

အပြည့်အဝရရှိ

မန်ယူ၏ ပထမဂိုးသမားနေရာအား ဗန်ဒါဆားကိုပင်ဆက်လက်တာဝန်ပေးပြီး လက်ရှိပရီမီယာလိဂ်ဖလား ကာကွယ်မည်ဖြစ်ရာ ဖာဂူဆန်၏ ယုံကြည်စိတ်ချမှုကို အပြည့်အဝရရှိထားသူတစ်ဦး ဖြစ်သည်။

ကြိုးစားပေးခဲ့

ဗန်ဒါဆား၏ ဂိုးသမားဘဝ အစမှာ ၁၉၉၂ခုနှစ်၌ အေဂျက်ဇ်အသင်းတွင် စတင်ပါဝင်ကစားခဲ့ခြင်းဖြစ်ပြီး အေဂျက်ဇ်အသင်းနှင့်အတူ ယူအီးအက်ဖ်အေဖလားကို ပထမဆုံး စတင်ရယူပေးနိုင်ခဲ့သည်။ ထို့နောက် ၁၉၉၅ခုနှစ်၌ ချန်ပီယံလိဂ်ဖလားနှင့် ၁၉၉၆ခုနှစ်တွင် ဒတ်ချ်ပြည်တွင်းလိဂ် ချန်ပီယံဖလားများရရှိအောင်ကြိုးစားပေးခဲ့သည်။



မန်ယူအသင်းနှင့် ဆက်လက်လက်စွမ်းပြ ကစားမည့် ဂိုးသမား ဗန်ဒါဆား။ (ဓာတ်ပုံ-အင်တာနက်)

ကိုးကားတင်ပြသူ- မောင်မောင်မြင့်ဆွေ

ပြောင်းရွှေ့ကစား

ထို့နောက် ဗန်ဒါဆား၏ လက်စွမ်းပြမှုကို သဘောကျခဲ့သော အီတလီ စီးရီးအေကလပ် ဂျူဗင်းတပ်စ်က အရခေါ်ယူခဲ့သဖြင့် ဂျူဗင်းတပ်စ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့လေသည်။ ထိုမှတစ်ဆင့် ၂၀၀၁-၂၀၀၂ ဘောလုံး ရာသီတွင် ဖူလ်ဟမ်အသင်းသို့ ထပ်မံပြောင်းရွှေ့ကစားခဲ့သည်။

လက်စွမ်းပြ

ထိုသို့ ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရာတွင် မန်ယူ၊အာဆင်နယ်နှင့် လီဗာပူးအသင်းတို့က အပြိုင်ကမ်းလှမ်းခဲ့သော်လည်း ဖူလ်ဟမ်အသင်းကိုသာ ရွေးချယ် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ဖူလ်ဟမ်အသင်း၌ အကောင်းဆုံး လက်စွမ်းပြကစားနိုင်ခဲ့မှုကြောင့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီမှာပင် ဖူလ်ဟမ်အသင်း၏ တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုလည်းရရှိခဲ့သည်။

ရောက်ရှိလာ

ထိုနှစ်တွင် ဖူလ်ဟမ်အသင်းအတွက် ၃၆ပွဲကစားပေးခဲ့ပြီး သေချာပေါက် ဂိုးသွင်းမှုပေါင်း ၂၄၆ကြိမ်ကို ထူးခြားစွာ ကာကွယ်ပေးနိုင်ခဲ့သည်။ ထို့နောက် ၂၀၀၅-၂၀၀၆ဘောလုံးရာသီ၌ ဖူလ်ဟမ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ကာကွယ်ပေး

ဗန်ဒါဆားသည် မန်ယူအသင်းသို့ ရောက်ရှိလာကတည်းက ပထမဂိုးသမား နေရာကိုရရှိခဲ့ပြီး ၂၀၀၅-၂၀၀၆ ပရီမီယာလိဂ်တွင် ပွဲစဉ်ပေါင်း ၃၈ပွဲ ပါဝင်ကစားပေးခဲ့သည်။ မန်ယူအတွက် ပွဲတိုင်းပါဝင်ကစားပေးခဲ့ပြီး ပရီမီယာလိဂ် ၃၈ပွဲတွင် သေချာပေါက် ဂိုးကန်သွင်းမှု ၁၈၂ကြိမ်ကို ကာကွယ်ပေးနိုင်ခဲ့သည်။

ဆွတ်ခူးနိုင်

ထို့အတူ ၂၀၀၆-၂၀၀၇ခုနှစ် ပရီမီယာလိဂ်တွင်လည်း မန်ယူအတွက် ၃၂ပွဲ ပါဝင်ကစားပေးခဲ့ပြီး သေချာပေါက်ဂိုးကန်သွင်းမှု ၁၃၃ကြိမ်ကို လက်စွမ်းပြ ကာကွယ်ပေးနိုင်ခဲ့၍ မန်ယူတို့ ပရီမီယာလိဂ် ချန်ပီယံဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

တွေ့မြင်ရမည်

အသက်အရွယ် ရလာသော်လည်း လက်စွမ်းပြကစားနိုင်နေပြီး ကစားအားမကျသေးသည့် ဗန်ဒါဆားသည် မန်ယူအတွက် အရေးပါသော ဂိုးသမားအဖြစ် ဆက်လက်ရပ်တည်နေဦးမည်ဖြစ်သည်။ လာမည့်ပရီမီယာလိဂ်ရာသီတွင် ဗန်ဒါဆား၏တည်ငြိမ် သေသပ်သော လက်စွမ်းပြမှုများကို မန်ယူအသင်း၌ ဆက်လက်တွေ့ရမြင်ရဦးမည် ဖြစ်ပါကြောင်း။ ။**(ကိုးကား-အင်တာနက်)**

လီဗာပူးကစားသမားများ ဝယ်ယူရေး နည်းပြဘင်နီတက်ဇ်ကို ပိုင်ရှင်များဖိအားမပေး

လန်ဒန် ဇွန် ၁၇

လီဗာပူးအသင်းပိုင်ရှင် ဂျော့ဂျီးလက်က နည်းပြရာဖေးလ်ဘင်နီတက်ဇ် တောင်းဆိုသော အားကစားသမားများ ခေါ်ယူရေးငွေကြေးကို ခွင့်ပြုလိမ့်မည် ဖြစ်ကြောင်း အခိုင်အမာပြောကြားလိုက်သည်။

လီဗာပူးအသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်။ (ဓာတ်ပုံ-အင်တာနက်)

ရေးသားသူ
မြင့်မောင်စိုး

ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင်လီဗာပူးအသင်းကအေစီမီလန်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ရာဖေးလ်ဘင်နီတက်ဇ်က ပြောကြားရာတွင် လီဗာပူးအသင်းအနေဖြင့် ပရီမီယာလိဂ်တွင် မန်ယူ၊ ချယ်လ်ဆီးတို့နှင့် အမှတ်ကွာဟချက် လျော့နည်း သွားစေရန် ငွေကြေးအမြောက်အမြား သုံးစွဲရန်လိုအပ်လာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

လီဗာပူးအသင်းသည် ယခုနှစ်ရာသီတွင် ဘေယာလေဗာကူဆင်မှ ဗိုရိုနင်၊ ဟန်ဂေရီဆယ်ကျော်သက်ကစားသမားများဖြစ်သည့် ခရစ္စတီယန်နီမက်နှင့် အင်ဒရပ်စီမွန်တို့အား ခေါ်ယူထားပြီးဖြစ်သည်။

လီဗာပူးပရိသတ်များက ယခုနှစ်နွေရာသီကစားသမားများ ဝယ်ယူရေးကာလတွင် အသင်းပိုင်ရှင်များနှင့်နည်းပြဘင်နီတက်ဇ်တို့အကြား အဆင်မပြေဖြစ်ခဲ့သည်ဟု ယူဆထားကြသည်။

ပြောကြား

မိမိအနေဖြင့် ကစားသမားများ ခေါ်ယူရာတွင် နည်းပြဘင်နီတက်ဇ်အပေါ် ဖိအားပေးမှုမရှိကြောင်း ဂျီးလက်က ပြောကြားသည်။

ခေါ်ယူ

ထို့အပြင် ဘရာဇီး ကွင်းလယ် ကစားသမား လူးကက်စ်လစ်ဗာအား ပေါင် ခြောက်သန်းဖြင့် ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။ **(အင်တာနက်)**

ဂတ်ဂျွန်ဆင်

ဘာစီလိုနာ တိုက်စစ်မှူး ဂျွန်ဆင်။ (ဓာတ်ပုံ-အင်တာနက်)

ဘာစီလိုနာ တိုက်စစ်မှူးဂတ်ဂျွန်ဆင် မန်ယူသို့ပြောင်းရန် စိတ်ဝင်စားခဲ့ဟုဆို

လန်ဒန် ဇွန် ၁၇

ဘာစီလိုနာတိုက်စစ်မှူးဂတ်ဂျွန်ဆင်သည် မန်ချက်စတာယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ ကစားရန် စိတ်ဝင်စားခဲ့မိကြောင်း ဝန်ခံပြောကြားလိုက်သည်။

စာချုပ်ထား

အသက် ၂၉နှစ်ရှိ ချယ်လ်ဆီးကစားသမားဟောင်းဂတ်ဂျွန်ဆင်သည် ပေါင်ရှစ်သန်းဖြင့် လွန်ခဲ့သောနွေရာသီက နူးကင့်မ်သို့ပြောင်းရွှေ့ခဲ့ပြီးနောက် ရုန်းကန်ကြိုးစားနေရသည်။ ဘာစီလိုနာမှ ထွက်ခွာရန် အခွင့်အလမ်းတစ်ရပ်ရခဲ့လျှင် ပရီမီယာလိဂ်သို့ ပြန်မည်ဖြစ်ကြောင်း၊ မန်ယူနှင့်အဆက်အသွယ်ပြုလုပ်ထားကြောင်း အိုက်စလန်ကစားသမားဂတ်ဂျွန်ဆင်က ပြောကြားသည်။ သို့ရာတွင် မိမိအနေဖြင့်ချန်ပီယံလိဂ်ကစားခွင့်ရသည့်အသင်းကို ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ မန်ယူအသင်းကိုပြောင်းရွှေ့လိုကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ သို့ရာတွင် ဂတ်ဂျွန်ဆင်သည် ဘာစီလိုနာအသင်းနှင့် ၂၀၀၉ခုနှစ်တိုင်အောင် စာချုပ်ထားသည်။ **(အင်တာနက်)**

အင်တာနက် အားကစားသတင်း အတိုအထွာ

- **အင်္ဂလန်အသင်းနည်းပြ မက်ကလာရင်သည် ပရီမီယာလိဂ်အသင်းငါးသင်း၏ မမှန်မကန်ကစားသမားများ ပြောင်းရွှေ့ခဲ့မှုနှင့် ပတ်သက်ပြီး ပါဝင်လိမ့်မည်မဟုတ်ကြောင်း အက်ဖ်အေက ယုံကြည်ထားသည်။**

- လီဗာပူးဂိုးသမား စကော့ကာဆင်က အသင်းတွင် ပုံမှန်ကစားခွင့် နေရာမရခဲ့လျှင် ထွက်ခွာရန်အသင့်ရှိကြောင်း ပြောကြားလိုက်သည်။

- **ဇွန်၁၆ရက်က အင်္ဂလန်နာမည်ကြီး ကစားသမားများဖြစ်ကြသည့် ဂယ်ရီနဗီးလ်၊ စတီဗင်ဂျရတ်နှင့် မိုက်ကယ်ကာရစ်တို့သည် လက်ထပ်ပွဲများ ကျင်းပခဲ့ကြကြောင်း သိရသည်။** (အင်တာနက်)

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ၂၉လမ်း၊ ၈၃-၈၄ လမ်းကြား၊ အမှတ်၁၉၁နေ ဦးနီ-(ဒေါ်သန်းကြည်)တို့၏ဒုတိယသား

မောင်သိန်းဝင်း(ခ)စိန်သောင်း B.Econ (Statistics)

G.M(Asia World Co.,Ltd.) နှင့်

ရန်ကုန်မြို့၊သုဝဏ္ဏ၊ ၂၅ရပ်ကွက်၊ သပြေညိုလမ်း၊ အမှတ် ၂၄၆၊ အခန်း(၂)နေ ဦးအေးမောင်-ဒေါ်အုန်းကြည်တို့၏ဒုတိယသမီး

မမြင့်စိန် B.Sc (Maths)

Diploma in Accounting(UK),Diploma in Chinese (YUFL)

တို့၏ ၁၇-၆-၂၀၀၇ ရက်တွင် Traders Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် လက်ဖွဲ့ပစ္စည်းများပေးပို့ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သိန်းဝင်း(ခ)စိန်သောင်း-မမြင့်စိန်။

အမည်ပြောင်း

အဖဦးထွန်းသိုက် မှတ်ပုံတင် အမှတ် ၁၄/ဘကလ(နိုင်)၀၀၀၂၄၀ ၏ သမီးဖြစ်သူ မအိကေခိုင်အား မမေသွယ်ကိုဟု ပြောင်းလဲခေါ်ပါရန်။

မမေသွယ်ကို။

အမည်ပြောင်း

တောင်ဥက္ကလာပမြို့နေ အဖ ဦးတင်နိုင်၏ သား မင်းသူရိန်အား မောင်မြင့်ထွန်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မြင့်ထွန်းအောင်။

အမည်ပြောင်း

ဒုအရာခံဗိုလ် ရန်နိုင်ဝင်း၏ သား မောင်သုခဆောင်းအား သုခအောင်၊ သမီး မေသုသုခအား မေသုခဟု ခေါ်ကြပါရန်။

သုခအောင်၊ မေသုခ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ ဇောတိကအိမ်ရာနေ ဦးတင်အောင်(တိုင်းအင်ဂျင်နီယာ၊လယ်ယာ/ထွက်ကုန်)-ဒေါ်သန်းသန်းအေးတို့၏သား

ဗိုလ်တင့်ထူးနိုင်

B.C.Sc, D.S.A, M.C.Sc(U.C.S.Y)

Global English(Upper Inter:)

နှင့်

ရန်ကုန်မြို့၊ ဆရာစံလမ်း၊ ပြည်ထောင်စုလမ်းသွယ်၊ ဗဟန်းမြို့နယ်နေ ဦးထင်အောင်-ဒေါ်ခင်စန်းကြည်တို့၏သမီး၊

ညောင်တုန်းမြို့၊ ၁၁လမ်းနေ ဒေါ်ခင်မျိုးလှိုင်(အန်တီပို)၏ တူမ သမီး

မဇွန်ဝင့်ဝင့်ထင်

B.Sc(Physics)

တို့သည် ၁၇-၆-၂၀၀၇ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel မင်းတုန်းခန်းမ၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘဆွေမျိုးများနှင့်
ဗိုလ်တင့်ထူးနိုင်-မဇွန်ဝင့်ဝင့်ထင်။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သမီးလေးမကြည်ပြာလင်း (3rd Physics)၏ ၁၈-၆-၂၀၀၇ရက်တွင် ကျရောက်သော (၂၃)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းတစ်ရာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းနှင့် ပြည့်စုံ၍ သမီးကောင်းရတနာလေးဖြစ်ပါစေ။

ဖေဖေ	-	**ဦးလှငွေ**
မေမေ	-	**ဒေါ်နီနီခင်**
မမကြီး	-	**မေမျိုးဦး**
ကိုကိုကြီး	-	**နေမျိုးလင်း**
မောင်လေး	-	**ထက်အာကာမောင်**

ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းအမှတ်(၇နှင့်၈)FMI City ရှိ အိမ်အမှတ် D-53 အိုးအိမ်မြေကွက် အမှတ် ၆၀၀၊ ကန်သာယာလမ်းမကြီး၊ မြေအကျယ်(ပေ၄၀xပေ၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် နှစ်ထပ်တိုက်၊ လိုင်းခွဲတယ်လီဖုန်း၁၂၉၄ကို ဒေါ်အေးအေးတိုးထံမှဝယ်ယူရန် စရန်ပေးချေပြီး ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက စာရွက်စာတမ်း အထောက်အထားနှင့်တကွ ခုနစ်ရက်အတွင်း FMI City Marketing ရုံးသို့ ကန့်ကွက်နိုင်ပါသည်။

မဟာကျော်

"ရာထူးဝင်ခွင့်"
အနီးကပ် (၅)ရက်ပြတ်

(A) Daily 7:30 a.m to 10:30 a.m
(B) Daily 1:00 p.m to 4:00 p.m
(C) Daily 3:00 p.m to 6:00 p.m

အမှတ် (၁၇၀)၊ ဆိပ်ကမ်းသာလမ်း (လယ်)၊ **(19.6.07)** စမည်။
ဖုန်း - **0999-29623**

လူပျောက်ကြော်ငြာ

ရန်ကုန်မြို့၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်း မြို့နယ်၊ အမှတ် ၄၇၊ သုံးလွှာခြေရင်းခန်းမှ (မိုဟမ္မဒ်ဆာသစ် (ခ) ဦးလှရွှေ)-ဒေါ်ညွန့်ကြည်တို့၏သမီးဖြစ်သူ ဟစီနာဘီဘီ (ခ) မဆွေဆွေမွန် အသက်(၁၇)နှစ်သည်၁၀-၆-၂၀၀၇ရက်တွင် နေအိမ်မှ ထွက်ခွာသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပေးပါရန်နှင့် လက်ခံသွေးဆောင် ဖြားယောင်းထားသူအား ဥပဒေအရထိရောက်စွာ အရေးယူပါမည်။ **ဆက်သွယ်ရန်-**
ဖုန်း-၅၀၃၆၄၇၊၅၀၀၄၆၂။

ဦးအောင်ဟိန်းကျော်

-Translation

သီးသန့် တန်း ဖွင့်ပြီ

အင်္ဂလိပ်စကားပြော • အလွတ်မကျက်ဘဲပြောတတ်ရမည်

• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

အင်္ဂလိပ်စာရေးနည်း •အခြေခံမှစ၍ရေးတတ်အောင်သင်သည်

၁၈၂ ဆိပ်ကမ်းသာလမ်းအလယ်၊ရန်ကုန်။ 392468, 095171841

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်အကူသင်တန်း၊ သူနာပြုအကူသင်တန်း

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး ဆေးဝါးကျွမ်းကျင်ပညာရှင်များဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့သရုပ်ပြသင်ကြားသည်။ သက်သာမှန်ကန်သော နှုန်းထားသာယူသည်။ သင်တန်းပြီးလျှင် ဆေးဆိုင်ချက်ချင်းဖွင့်နိုင်မည်။ ကျွမ်းကျင်သော သူနာပြုအကူဖြစ်မည်။ ရဲရဲကြီးအာမခံသည်။ ဆေးဆိုင် ဖွင့်နိုင်ရေးကူညီမည်။ အလုပ်အကိုင်ရရှိရေးကူညီမည်။ သင်တန်းဆင်းလက်မှတ်ပေးမည်။ တစ်ယောက်ထိုင်ခုံနှင့် သန့်ရှင်းသော သင်တန်းခန်းများ၊ ဘော်ဒါဆောင်ရှိသည်။ လူဦးရေကန့်သတ်ထားသည်။ ကြိုတင်စာရင်းသွင်းပါ။

"အောင်"ပြီး "ချမ်းမြေ့"မှုတွေကို အပြည့်အဝရရှိဖို့ "အောင်ချမ်းမြေ့"မှာ သင်တန်းတက်ကြစို့။

* အပတ်စဉ်(၁၂၁) **နှစ်လအပြတ် အထူးသင်တန်း။**

ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း

၂၆-၆-၂၀၀၇ စမည်။ **(အင်္ဂါ၊ ဗုဒ္ဓဟူး) (ကျန်ရက်များ ပိတ်ရက်)**

၂၈-၆-၂၀၀၇ စမည်။ **(ကြာသပတေး၊ သောကြာ) (ကျန်ရက်များ ပိတ်ရက်)**

Section (1) AM 08:00 to 11:30 (၁၅)ဦး
Section (2) AM 09:00 to 12:30 (၁၅)ဦး
Section (3) PM 12:30 to 04:00 (၁၅)ဦး

* အပတ်စဉ်(၁၂၂) **နှစ်လအပြတ်အထူးသင်တန်း။**

ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း ၃၀-၆-၂၀၀၇ စမည်။

စနေ၊ တနင်္ဂနွေ နှစ်ရက်တည်းသာ (မှတ်ချက်။ ကျန်ရက်များ ပိတ်ရက်)

Section (1) AM 08:00 to 11:30 (၁၅)ဦး
Section (2) PM 12:30 to 04:00 (၁၅)ဦး

* အပတ်စဉ်(၁၂၃) **သုံးလသင်တန်း။**

ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း ၁-၇-၂၀၀၇ စမည်။

တနင်္ဂနွေ တစ်ရက်တည်းသာ (မှတ်ချက်။ ကျန်ရက်များ ပိတ်ရက်)

Section (1) AM 08:00 to 12:30 (၁၅)ဦး
Section (2) PM 12:30 to 05:00 (၁၅)ဦး

* အပတ်စဉ်(၁၂၄) **တစ်လအပြတ် အထူးသင်တန်း။**

ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း ၂-၇-၂၀၀၇ စမည်။

တနင်္လာမှ သောကြာ နေ့စဉ် (မှတ်ချက်။ စနေ၊ တနင်္ဂနွေ ပိတ်ရက်)

Section (1) AM 08:00 to 11:30 (၁၅)ဦး
Section (2) AM 09:00 to 12:30 (၁၅)ဦး
Section (3) PM 12:30 to 04:00 (၁၅)ဦး

အမှတ် ၁၆၊ တတိယလွှာ(ပွင့်ရွှေလင်းတာယာနှင့် အလှိုင်းပိုးရောင်းဝယ်ရေးဆိုင်အပေါ်ဆုံးထပ်)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဂမုန်းပွင့်ကုန်တိုက်အနီး။ ဖုန်း-၀၉-၅၁၄၆၀၅၇၊ ၅၃၄၈၈၃၊ ၅၃၄၇၃၃ (am-7:00 to pm-9:00) ပိတ်ရက်မရှိပါ။

http://www.acmnursingtraining.com

မှတ်ချက်။ ။ အထက်ပါသင်တန်း တည်ရှိရာနေရာမှလွဲ၍ မည်သည့်နေရာဒေသတွင်မျှ **အောင်ချမ်းမြေ့** ဟူသောအမည်ဖြင့် ရုံးခွဲများ၊ သင်တန်းကျောင်းခွဲများ ဖွင့်လှစ်ထားရှိခြင်းမရှိပါ။ ၎င်းအပြင် မည်သည့်သင်တန်းကျောင်း၏လက်အောက်ခံသင်တန်းကျောင်း မဟုတ်ပါ။

စာအုပ်၊ ခဲတံနှင့် အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၇

ပဲခူးတိုင်းပြွန်တန်ဆာမြို့နယ် အသင်း (ရန်ကုန်)၏ (၆)ကြိမ်မြောက် ကျောင်းသုံးဗလာစာအုပ်၊ ခဲတံနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇွန်၅ရက်က ပြွန်တန်ဆာမြို့ အခြေခံပညာ အလယ်တန်းကျောင်း ဘိုးရာဇာခန်းမ၌ ကျင်းပရာ ပြွန်တန်ဆာမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ အခြေခံပညာ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် သီလရှင်စာသင်တိုက်များသို့ ငွေကျပ်နှစ်ဆယ့် တစ်သိန်း လေးထောင်ရှစ်ရာ တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ် ဒါဇင်၁၄၀၀၊ ခဲတံဒါဇင် ၁၁၀၀နှင့် ကျောင်းစရိတ်မတတ်နိုင်သော ကလေးများအတွက် ပညာရေးရန်ပုံငွေသို့ အလှူငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း
အင်တာနက်
ဖောင်ပိတ်သတင်း

ပါလက်စတိုင်းသမ္မတသစ် ကျမ်းသစ္စာကျိန်ဆို

ဂါဇာ ဇွန် ၁၇

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် ၎င်း၏ပြိုင်ဘက် ဟားမတ်စ်တို့မပါဘဲ အရေးပေါ်အစိုးရသစ်တစ်ရပ်တွင် ဇွန် ၁၇ရက်က သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

တာဝန်ပေး

မစ္စတာအဘတ်စ်သည် ၎င်း၏ဝန်ကြီးအဖွဲ့သစ်တွင် စလမ်ဖေရပ်ဒ်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

ဖျက်သိမ်း

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် ဇွန် ၁၄ရက်က အမိန့်ဒီကရီထုတ်ပြန်ပြီး ဟားမတ်စ်-ဖာတာ ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဖျက်သိမ်းလိုက်ကြောင်း ကြေညာခဲ့သည်။

ဖွဲ့စည်း

မကြာသေးသည့်ရက်များက ဟားမတ်စ်နှင့် ဖာတာအုပ်စုတို့ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ဟားမတ်စ်တို့က ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားသည်။ ထိုသို့ပြိုင်ဘက်အုပ်စုနှစ်ခုအကြား တင်းမာနေမှုများကြောင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ဟားမတ်စ်-ဖာတာ ညွန့်ပေါင်းအစိုးရကို ဖျက်သိမ်းပြီး အစိုးရသစ်ကို ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။

ကာဘူးလ်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက် ၃၅ ဦး သေဆုံး၊ ၃၀ ကျော်ဒဏ်ရာရ

ကာဘူးလ် ဇွန် ၁၇

အာဖဂန်နစ္စတန်နိုင်ငံ ကာဘူးလ်မြို့တွင် ဇွန်၁၇ရက်က ရဲတပ်ဖွဲ့များ၏ကားကို ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ၃၅ဦး သေဆုံးပြီး ၃၀ကျော် ဒဏ်ရာရသွားကြောင်း အင်တာနက် သတင်း၌ဖော်ပြသည်။

ဗုံးခွဲတိုက်ခိုက်

ကာဘူးလ်မြို့လယ်ရှိ ရဲတပ်ဖွဲ့ဌာနချုပ်အနီး ရဲတပ်ဖွဲ့ဝင်များ၏ ဘတ်စ်ကားရှေ့၌ အသေခံဗုံးခွဲတိုက်ခိုက်သူတစ်ဦးက ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူများတွင် အရပ်သား အများဆုံးဖြစ်ပြီး နိုင်ငံခြားသားငါးဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

အသက်၁၈နှစ်အရွယ်၌အဝလွန်လျှင် ဆီးချိုဖြစ်ပွားနိုင်

နယူးယောက် ဇွန် ၁၇

လူငယ်များအနေဖြင့် အသက် ၁၈နှစ်အရွယ်တွင် အဝလွန်မှုဖြစ်ပွားပါက ဆီးချိုရောဂါဖြစ်ပွားနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ဖော်ပြ

လက်တွေ့သုတေသနပြုချက်အရ အသက်၁၈နှစ်အရွယ် လူငယ်အမျိုးသားများအနေဖြင့် အဝလွန်မှုဖြစ်ပါက ဆီးချိုရောဂါဖြစ်ပွားနိုင်မှု ၅၀ဒသမ၁ရာခိုင်နှုန်းရှိပြီး အမျိုးသမီးငယ်များ၌ ၅၇ဒသမ ၃ရာခိုင်နှုန်းရှိကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

အဆိုပါအသက်အရွယ်၌ အလွန်အမင်းဝလွန်းသူများအနေဖြင့်အမျိုးသားများတွင် ၇၀ဒသမ၃ရာခိုင်နှုန်းနှင့်အမျိုးသမီးများ၌ ၇၄ဒသမ ၄ ရာခိုင်နှုန်းခန့် ဆီးချိုရောဂါဖြစ်ပွားနိုင်ကြောင်းလည်း ၎င်းတို့က ပြောကြားသည်။

ဆင်ခြင်နေထိုင်

ထို့ကြောင့် ငယ်ရွယ်စဉ်အချိန်မှ စတင်ကာ ကိုယ်အလေးချိန်မများစေရန် သတိပြုဆင်ခြင်နေထိုင် စားသောက်သင့်ကြောင်း၊ ဆီးချိုရောဂါ အချိန်စောစီးစွာ မဝင်ရောက်ရေးအတွက် အရေးကြီးသောအချက်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။ (အင်တာနက်)

မွန်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပြည်နယ်အဆင့် ပထမဆုရ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့် ရှောက် ရေးကြီးကြပ်ရေးအဖွဲ့အား ဂုဏ်ပြုလှူဒါန်းငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၂၅ ရက်က မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံးတွင် ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းထံ အလှူရှင်မော်လမြိုင်မြို့နေ ဦးနေဝင်း–ဒေါ်အေးအေးမွန် (အဲရိုးမြန်မာ အင်တာပရိုက်စ်လီမိတက်) မိသားစုက ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းစဉ်။ (၁၆၈)

ရောင်နီဦး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆွေးနွေး စာအုပ်စာစောင်နှင့် ငွေပဒေသာပင်များ လှူဒါန်း

တံတားဦး ဇွန် ၂

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ဥမှင်ကျေးရွာ ရောင်နီဦးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ စာကြည့်တိုက်အဆောက် အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်စန်းနှင့် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်စန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးညွန့်ရွှေက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို လည်းကောင်း၊ မြို့နယ်အသင်း အလုပ်အမှုဆောင် ဦးမြင့်ဝေက ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ စာအုပ် စာစောင်၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ကျင်းပရာ ဥမှင်ကျေးရွာမှ ဦးမြင့်ကို–ဒေါ်စန်းစန်းဝင်းမိသားစုက ငွေကျပ် ၄၀၀၀၀၊ ကျေးရွာသူကျေးရွာသားများက ငွေကျပ် ၆၀၀၀၀ ကို ရောင်နီဦး စာကြည့်တိုက်သို့လည်းကောင်း၊ ရေခါး ကျေးရွာကျေးလက်နေပြည်သူများက ငွေကျပ် ၃၀၀၀၀ကို ရတနာဘဏ်တိုက် စာကြည့်တိုက်သို့ လည်းကောင်း၊ လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း) ထွေ/အုပ် ဝန်ထမ်းများ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများအား ၂၀၀၇–၂၀၀၈ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၈ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက ပညာသင်ထောက်ပံ့ငွေပေး အပ်ခြင်းနှင့် ပတ်သက်၍အမှာစကားပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်က ဝန်ထမ်းခုနစ်ဦး၊ ဝန်ထမ်းသားသမီး၁၅ဦးအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၉၀၀၀၀ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(၄၀၀)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြန်/ဆက် စာအုပ်လှူဒါန်းပွဲကျင်းပ

လားရှိုး ဇွန် ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၄ရက် မွန်းလွဲ ၁နာရီက လားရှိုးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ ပြည်နယ်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းစုဌာနခွဲမှူး ဦးလှကျော်ဦး၊ မြန်မာ့ရုပ်မြင်သံကြားမှ တာဝန်ခံအရာရှိ ဦးမျိုးဝင်းဇော်၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ပြည်နယ်မန်နေဂျာနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

လက်ခံယူ

အခမ်းအနားတွင် မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦးက စာအုပ်များလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ပြည်နယ် မန်နေဂျာ ဦးဝင်းလှိုင်ဦးက ငွေကျပ် ၃၃၇၀၀ တန်ဖိုးရှိ သုတရသနှင့်မဂ္ဂဇင်းဂျာနယ် မျိုးစုံ ၁၄၃ အုပ်လှူဒါန်းရာ ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ခင်စန်းက လက်ခံရယူသည်။ **(ယာပုံ)**

ပြောကြား

ဆက်လက်၍ ပြည်နယ် လက်ထောက် ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူပင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ မန်အိုင် ယာဉ်ငယ်ဂိတ်မှူး ဦးအောင်ကြည်က မဂ္ဂဇင်း ၅၂ အုပ်၊ ဦးတင်ယု–ဒေါ်ညွန့်ညွန့်ရီ မိသားစုက မဂ္ဂဇင်း၊ဂျာနယ်အုပ် ၇၀၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က စာအုပ် ၁၈၃အုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက စာအုပ်မျိုးစုံအုပ် ၁၀၀နှင့် နည်းပညာတက္ကသိုလ်က စာအုပ် ၃၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၆၇၉၀၀ ရှိ စာအုပ်ပေါင်း ၈၄၈အုပ်ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရွှေတိဂုံစေတီပုံတူ တည်ထားရန်ငွေလှူဒါန်း

ကျိုက်ထို ဇွန် ၁၀

မွန်ပြည်နယ် ကျိုက်ထိုမြို့ မဟာစည် သာသနာ့ရိပ်သာအတွင်း၌ ဘဒ္ဒန္တဝိစာရိန္ဒမဟာစည်နာယက သာယာကုန်းဆရာတော် ဦးဆောင်၍ တည်ဆောက်လျက်ရှိသော မဟာစည်သိမ်ကျောင်းတော်နှင့် ရွှေတိဂုံစေတီပုံတူ တည်ထားကိုးကွယ်ရန်အတွက် မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ် ပုလဲလမ်းနေ ဦးမောင်လွင်–ဒေါ်ကျင်ပို့ မိသားစုတို့က အလှူငွေကျပ် ၂၅သိန်းကို တာဝန်ခံကျောင်းအမ ဒေါ်ငြိမ်းရန်သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

မြို့နယ် သတင်းများ

စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနား မိတ္ထီလာ၌ ကျင်းပ

မိတ္ထီလာ ဇွန် ၇

မန္တလေးတိုင်း မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၇–၂၀၀၈ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၁၀ နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့်အဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက အဖွင့်အမှာစကား ပြောကြားပြီး ၂၀၀၇–၂၀၀၈ခုနှစ် စီမံကိန်းတာဝန်များကို ခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်ဥက္ကဋ္ဌများထံ ပေးအပ်ခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲ ရေဦးမြို့၌ ကျင်းပ

ရေဦး ဇွန် ၇

ရေဦး၊ ဒီပဲယင်းနှင့်တန့်ဆည်မြို့နယ်များမှ ရပ်ကွက်၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၇)ဆင်းပွဲကို မေ ၂၉ရက် နံနက် ၁၀နာရီက ရေဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည်။

ဆွေးနွေး

သင်တန်းဆင်းပွဲတွင် ရေဦးမြို့နယ်ဥက္ကဋ္ဌဦးခင်ထွန်းကသင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်အဖွဲ့ဝင်ဒုတိယရဲမှူးသန်းဝင်းက သင်တန်းပိုင်းဆိုင်ရာများကိုဆွေးနွေးပြောကြားသည်။

ချီးမြှင့်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က သင်တန်းတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသူ ရပ်ကွက်၊ ကျေးရွာအဖွဲ့ဝင်သုံးဦးအား ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(၃၇၈)**

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် မေ ၂၃ ရက်က ပခုက္ကူမြို့ အမှတ် ၁၁ ရပ်ကွက်ရှိ အများသုံးရေတိုင်တွင် ရေပေးဝေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်။ (မြို့နယ်စည်ပင်)

ရန်ကင်းမြို့နယ် ပြည်သာယာ (ကျိုက္ကဆံစူပါဝမ်း တာမွေလေးသံလမ်း အနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် ဦးစိန်မောင်–ဒေါ်ကျင်လွင်နှင့် မိဘနှစ်ပါးဖြစ်သော ဦးလှမြင့်–ဒေါ်စိန်စိန်ရီတို့အား ရည်စူး၍ သမီး ယုယုဝင်း၊ ဓမ္မဝိဟာရလမ်း ကျောက်မြောင်းက အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၁၁၅)

နိကာယ်စာမေးပွဲ ရေစကြိုမြို့၌ ဖြေဆို

ရေစကြို ဇွန် ၆

မကွေးတိုင်း ရေစကြိုမြို့ အောင်မြေသာလာကျောင်း ဝန်မင်းကြီးတိုက်တော်ပေါ်တွင် နိကာယ်စာမေးပွဲကို ဇွန် ၅ရက်မှ ဇွန်၉ရက်အထိ ကျင်းပရာ ရေစကြို မြို့နယ် အုပ်စု (၁)မှ ၄၁ပါး၊ အုပ်စု(၂)မှတစ်ပါး၊ အုပ်စု(၅)မှ တစ်ပါး စုစုပေါင်း ၄၃ပါးတို့ ဝင်ရောက်၍ နိကာယ်စာမေးပွဲ ဖြေဆိုတော်မူကြပြီး စာမေးပွဲကို အဂ္ဂမဟာပဏ္ဍိတ မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဝိမလနှင့် သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးမနားဘူးတို့ ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(၂၅၁)**

ရန်ကုန်တိုင်း မှော်ဘီမြို့ ပြည်လမ်း သန္ဓေပင် မြဝတီ ရပ်/သံ ရှေ့ အမှတ် ၈၄ နေ ဦးအောင်ဒင်–ဒေါ်လှသန်း (လမင်းဖယောင်းတိုင်နှင့် အမွှေးတိုင်) မိသားစုတို့က ကြေးပိဋကတ်တော်ပဋ္ဌာန်း ပါဠိတော် ကြေးပြား သုံးချပ်အတွက် အလှူငွေ ကျပ် ၇၅၀၀၀ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

ကျန်းမာရေးနှင့်လူကုန်ကူးမှု တားဆီးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ သာယာဝတီ၌ ကျင်းပ

သာယာဝတီ ဇွန် ၁၆

၂၀၀၇ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် သာယာဝတီမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့အားမာန်ခန်းမတွင် ဇွန်၁၂ရက် နံနက် ၁၀နာရီက ကျန်းမာရေးနှင့် လူကုန်ကူးမှု တားဆီးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေသက်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာ မြတ်သူက သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက် ဝမ်းလျှောရောဂါအကြောင်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ငြိမ်းလှိုင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့် ဥပဒေများနှင့်မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ် ဒေါ်ကြည်ကြည်ဝင်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

အေအိုင်ဒီအက်စ်နှင့် ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေးဆွေးနွေး

ငပုတော ဇွန် ၇

ငပုတောမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ အေအိုင်ဒီအက်စ်ရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါ အကြောင်း ပညာပေးဆွေးနွေးပွဲအခမ်းအနားကို မေ ၃၁ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်ဝင်းနိုင်က အေအိုင်ဒီအက်စ်ရောဂါ၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာစိုးသိမ်းက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ပညာပေးဆွေးနွေးကြသည်။ **(မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

(၈၈)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်းဒေါပုံမြို့နယ်နွယ်အေးရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခ ဓာတ်တော်တိုက်အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက် ပဓာနနာယက(လူမှုထူးချွန် ပထမဆင့်)ဘဒ္ဒန္တဝိစိတ္တာလင်္ကာရ(သတ်လွတ်ဆရာတော်) **(အပေါ်ပုံ)** သည် ဇွန်၆ရက်က မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲတွင် (၈၈)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

ဇွန် ၅ ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆန်းချီလမ်းသွယ်ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန်းဇော်ထွန်း၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းမင်းဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဖျာပုံမြို့တွင် ရေစီးရေလာကောင်းမွန်ရေး စည်ပင်နှင့်ရပ်ကွက်ပြည်သူများဆောင်ရွက်

ရတနာလမ်းထိပ် ကွန်ကရစ်တံတားတည်ဆောက်

ဖျာပုံ ဇွန် ၁၄

ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဖျာပုံမြို့တွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ရေမြောင်းများ အသစ် တူးဖော်ခြင်း၊ မြောင်းဟောင်းများ ပြန်လည်ဆယ်ယူခြင်း၊ ရေထွက်ပေါက်ဖြတ်မြောင်းများ တူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ရက်က ဖျာပုံမြို့ ရတနာလမ်းထိပ် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် လက်ထောက် အင်ဂျင်နီယာ ဒေါ်လေးခင်တို့ ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(ဝဲပုံ)** **(၁၅၈)**

မြစ်ကြီးနားမြို့၌ ရေဆိုးထုတ်မြောင်းများ ရှင်းလင်းဆောင်ရွက်

မြစ်ကြီးနား ဇွန် ၁

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနားမြို့ ရေစီးရေလာကောင်းမွန်ပြီး ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်သော မြို့ဖြစ်စေရန် ရေစီးရေလာကောင်းမွန်ရေးစီမံချက်၊ ကျန်းမာသန့်ရှင်းရေးစီမံချက်နှင့်အညီ နေ့စဉ်ဆောင်ရွက်လျက်ရှိရာ မေ ၄ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဖြိုးဝေလင်း ကြီးကြပ်ကာ အရှည်ပေ ၆၀၀၀ရှိ အမှတ်(၂) ပင်မရေမြောင်း အရှည် ၄၃၅ပေရှိ အမှတ်(၃) ပင်မ ရေဆိုးထုတ်မြောင်းများ၊ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်၊ ဒိုက်၊ နုန်းမြေများ ရှင်းလင်းဆယ်တင်စွန့်ပစ်ခြင်း၊ ပင်မရေမြောင်းများ၊ ပတ်ဝန်းကျင် ချုံနွယ်များ ရှင်းလင်းဆောင်ရွက်ကြသည့် လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်တာဝန်ခံ အရာရှိ ဦးဇော်မိုး၊ အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့ ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး မိုးမကျမီ ကျန်ပင်မရေဆိုးထုတ်မြောင်းများ ဆက်လက်ရှင်းလင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဟိုပင်၌ကျင်းပ ကျန်းမာရေးအသိပညာပေး ဟောပြော

ဟိုပင် ဇွန် ၇

ဟိုပင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို မေ ၃၀ ရက် မွန်းလွဲ ၁ နာရီက ဟိုပင်မြို့ အထွေထွေ အုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် မြို့မိမြို့ဖ ဦးညီလေးတို့က ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့နှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ဟိုပင်မြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာ မျိုးမျိုးဝင်းက ဆေးလိပ်ငွေ့ ကင်းစင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး ခေါင်းစဉ်နှင့် ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပေါ်ရသည့် ရောဂါများနှင့် ဆိုးကျိုးများကို အသိပညာပေး ဟောပြောသည်။

အခမ်းအနားသို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် ဌာနဆိုင်ရာများ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းနှင့်အသင်းဝင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်စီးပွားရေးတက္ကသိုလ်
CHRD သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ ၂၀၀၇ခုနှစ် ဇွန်လ ၂၁ရက်နှင့်၂၃ရက်နေ့များတွင် ပြုလုပ်မည့် CHRD သင်တန်းဆင်းပွဲ အခမ်းအနားအတွက် ဘွဲ့နှင်းသဘင်ခန်းမအတွင်း(အပြင်မပါ) ဓာတ်ပုံရိုက်ကူးခြင်း လုပ်ငန်းခွင့်ပြုနိုင်ရေးအတွက် ချိပ်ပိတ်ဈေးနှုန်းလွှာတင်ဒါများ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်သွင်းရမည့် ချိပ်ပိတ်ဈေးနှုန်းလွှာ(တင်ဒါ) ပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်ရှိ အောက်တွင် လက်မှတ်ရေးထိုးသူထံ တစ်စုံလျှင် ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ) ဝယ်ယူပြီး တင်ဒါနှင့် အတူစရန်ငွေ ၁၀၀၀၀၀ိ/(ကျပ်တစ်သိန်းတိတိ)ကို ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘဏ္ဍာဌာနသို့ တစ်ပါတည်းပေးသွင်းရပါမည်။

၃။ ဖြည့်စွက်ပြီးသော ချိပ်ပိတ်ဈေးနှုန်းလွှာ(တင်ဒါ) ပုံစံများကို စာအိတ်တွင် ထည့်သွင်းချိပ်ပိတ်လျက် ၁၉–၆–၂၀၀၇ရက် (အင်္ဂါနေ့) ၁၄:၀၀ နာရီတိတိ နောက်ဆုံးထား၍ ချိပ်ပိတ်တင်ဒါအိတ်ကို လူကိုယ်တိုင်လာရောက်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်က သတ်မှတ်ထားသော ချိပ်ပိတ်တင်ဒါပုံးအတွင်းသို့ ထည့်သွင်းရပါမည်။

၄။ တင်သွင်းထားသော ချိပ်ပိတ်ဈေးနှုန်းလွှာ(တင်ဒါ)များကို ၁၉–၆–၂၀၀၇ရက်(အင်္ဂါနေ့) ၁၆:၀၀ နာရီတွင် ဓာတ်ပုံ ခေါ်ယူရေးအဖွဲ့၊ အဖွဲ့ဝင်များရှေ့မှောက်တွင် ဖွင့်လှစ်ရွေးချယ်မည် ဖြစ်ပါသည်။ ဓာတ်ပုံရိုက်ကူးခွင့်ရရှိသူ၏ အမည်စာရင်းကို ၁၆:၃၀နာရီတွင် ကြေညာပေးမည် ဖြစ်ပါသည်။

အတွင်းရေးမှူး
CHRD ဓာတ်ပုံတင်ဒါခေါ်ယူရေးအဖွဲ့
ရန်ကုန်စီးပွားရေးတက္ကသိုလ်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဓ/၅၈၈၃၊ မာစီဒီးစ်ဘင့်ဇ် ယာဉ်လက်ဝယ်ရှိသူ ဦးငွေအောင် မှတ်ပုံတင်အမှတ် ၉/ကပတ(နိုင်)၀၁၁၉၉၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊ မြောက်ပိုင်း) မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မမ/၁၀၃၉၂ Honda Dream မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး မှတ်ပုံတင်အမှတ် ၁၂/မဂဒ(နိုင်)၀၁၄၂၅၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဦးစီးမှူးရုံး(မြိတ်)။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ငွေးလွင်၏ Passport No-111472 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဖုန်း–၅၅၅၉၁၆။

အခွန်ပုံစံ(၁)ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ကက/၂၅၉၃နှင့် ပ/၉၀၀၄တို့၏ အခွန်ပုံစံ(၁) မူရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း–၆၆၇၈၃၅။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် သကမ–၁၅ မြေကွက်အမှတ်–၂၁၅(ခ)ဦးဝင်းညွန့် ၁၂/အစန(နိုင်)၀၄၁၇၅၁က ပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ပါမစ်ပြုလုပ်ပေးမည်ဖြစ်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ပါမစ်ပြုလုပ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။**

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၁တိုးချဲ့ရပ်ကွက် မဟာမြိုင်အိမ်ရာ တိုက်အမှတ် (၁) အခန်းအမှတ် (A5)တိုက်ခန်းအား လက်ရှိပိုင်ဆိုင်သူ ဒေါ်တင်တင်သိန်း ၉/မရတ(နိုင်)၀၄၄၆၅၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် နှစ်ဦးနှစ်ဖက် သဘောတူကြပြီး စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းအရောင်း အဝယ်ကိစ္စနှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ပိုင်ဆိုင်ကြောင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် တင်ပြကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ–
ဦးစိုးသိန်း
တရားရုံးချုပ်ရှေ့နေ
အမှတ် (၅၀)၊ ဘဏ်လမ်း၊ ပထမထပ်၊
အခန်း (အေ–၁၄)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ မြေတိုင်းရပ်ကွက်(၁/အေ)၊ ကံဘဲ့မြေကွက်အမှတ်(၂)(၁/ခ)ဟု ခေါ်တွင်သော မြေအကျယ်အဝန်း ၂ ဧက၊ ၈၃/၇၇(၉၀ X ၈၀)မြေကွက်နှင့် လူနေအိမ်များ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မှတ်ပုံတင်အမှတ်(အေအေ–၀၂၂၇၉၇) ကိုင်ဆောင်သူ ဦးမြသောင်းမှ အဆိုပါအိမ်ပိုင်မြေအား လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပြီး၊ ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံများနှင့် မြေယာပိုင်ဆိုင်မှုအကျိုးခံစားခွင့် အရပ်ရပ်ကို ရောင်းချတန်ဖိုးငွေ၏ အချို့အဝက်ကို စရန်ငွေအဖြစ်ပေးချေဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါအိမ်ပိုင်မြေကွက်နှင့် လူနေအိမ်များအပေါ်ပိုင်ရေးပိုင်ခွင့်ရှိကြောင်းနှင့် အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူများ ရှိပါက ယခုကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါနေ့ရက်အတွင်း ကန့်ကွက်သူများ မရှိပါက အကျိုးခံစားခွင့် အရပ်ရပ်လွှဲပြောင်းရောင်းချခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးသိန်းဟန်
အခွင့်ရကိုယ်စားလှယ်
၁၂/ဥကတ(နိုင်)၀၈၇၃၂၃
အမှတ်(၂၀၇)၊ တပင်ရွှေထီးလမ်း
၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်
ရန်ကုန်မြို့။
ဖုန်း ၀၁–၅၈၄၉၉၂။

အကောက်ခွန်ဦးစီးဌာန အမျိုးသမီးအမှုထမ်းနေရာများ အရည်အချင်းစစ်စာမေးပွဲ စစ်ဆေးခြင်း

၁။ အကောက်ခွန်ဦးစီးဌာန အမျိုးသမီးအမှုထမ်းနေရာများ လျှောက်လွှာတင်သွင်းလျှောက်ထားသူများအနက် အရည်အချင်းစစ် စာမေးပွဲဖြေဆိုခွင့် ရရှိသူများ၏အမည်စာရင်း၊ ခုံ အမှတ် စာရင်းများနှင့် ဖြေဆိုရမည့် စာစစ်ဌာနတို့ကို ၁၈–၆–၂၀၀၇ ရက်မှစတင်၍ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) ရန်ကုန်မြို့၌ ကြေညာထားမည်ဖြစ်သည်။

၂။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ၂၀–၆–၂၀၀၇ ရက်မှ စတင်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)တင်ပြကာ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) စီမံရေးရာဌာနခွဲ၌ ကိုယ်တိုင်ထုတ်ယူနိုင်သည်။

၃။ အရည်အချင်းစစ်စာမေးပွဲကို ၂၄–၆–၂၀၀၇ ရက်တွင် အောက်ပါအတိုင်း ဖြေဆိုရမည်–

(က) သင်္ချာ – ၀၉:၀၀နာရီမှ ၁၁:၀၀နာရီအထိ
(ခ) အင်္ဂလိပ်စာ – ၁၃:၀၀နာရီမှ ၁၅:၀၀နာရီအထိ

၄။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ ဖြေဆိုခွင့်ကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)တစ်ပါတည်း ယူဆောင်လာရမည်။ တင်ပြနိုင်ခြင်း မရှိသူများအား ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

အကောက်ခွန်ဦးစီးဌာန။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(င) မြေကွက်အမှတ် ၃၂၀ ၃/၂ မြေကွက်တည်နေရာအမှတ် (၃၂၀ ၃/၂ သုမ္မောလမ်း င–ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ် ဦးကျော်အေး ၁၂/ဥကမ(နိုင်)၁၀၀၈၉၁ အမည်ပေါက် နှစ် ၆၀ ဂရန် မြေအားအမည်ပေါက် ဦးကျော်အေးနှင့်ဇနီး ကွယ်လွန်သဖြင့် ဒေါ်သိန်းသိန်းလှ ၁၂/ဥကမ(နိုင်)၁၃၇၈၂၃က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

အမည်မှန်

အဖဦးအားဒေါင်း၏ သား ကျိုင်းတုံမြို့ အထက (၄)တက္ကသိုလ် ဝင်တန်း A မှ မောင်ညီပုချေ၏ အမည်မှန်မှာ မောင်ထွန်းနိုင်မင်း ၁၁/ရသတ(နိုင်)၀၆၃၇၄၅ ဖြစ်ပါသည်။ **မောင်ထွန်းနိုင်မင်း။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၁၂၉ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူငွေး မှတ်ပုံတင်အမှတ် ၅/ကလထ (နိုင်) ၁၃၂၀၈၀က စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန်လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ ကလေးမြို့။

အမည်ပြောင်းနှင့် ဖခင်အမည်မှန်

ပျဉ်းမနားမြို့ အထက(၂)ခွဲ (ကျည်တောင်) ပထမတန်း(က)မှ မအေးရတနာသိန်းအား ယနေ့မှစ၍ မအိရတနာကျော်ဟု ခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးကျော်မင်းသိန်း ဖြစ်ပါကြောင်း။

မအိရတနာကျော်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၁၀၉၇၅ (Kawascki) ၏ ပိုင်ရှင် ဦးချိုတင်ဦး ၁၃/ကလန(နိုင်)၀၁၁၃၉၀က (ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ တာချီလိတ်။

ကျေးဇူးဆပ်ပါမည်

၁၂ ရက်နေ့ ညနေပိုင်းတွင် ပန်းဆိုးတန်းနှင့် အနော်ရထာလမ်းထောင့်တွင်အိမ်မွေးအလှခွေး (candy) ခေါ် အဖြူရောင် အမွေးစုတ်ဖွားချစ်စရာခွေးမလေးပျောက်သွားပါသည်။ တွေ့ရှိပါက အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။

ဖုန်း–၀၁–၃၇၆၁၆၂၊
၀၉–၅၀–၁၉၃၀၀။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(၂၃–D°)၊ မြေကွက်အမှတ် (၂၅၃)၊ မြေကွက်တည်နေရာ အမှတ် (၄)၊ ကွင်းကျောင်း(၃)လမ်း၊ အလုံမြို့နယ်၊ (ဒေါ်ဖွားညွန့်)အမည်ပေါက် နှစ် ၉၀ မြေငှားဂရန်မြေအား (၁) ဦးအေးသောင်း ၁၂/အလန(နိုင်) ၀၁၉၂၂၊ (၂) ဒေါ်အုန်းစန်း ၁၂/ဆကခ (နိုင်)၀၀၄၄၀၅တို့က ပိုင်ဆိုင်မှု အထောက်အထားအဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ၄၄၇၆/၂၀၀၅ / ၁၆–၁၁–၂၀၀၅ ၏ လက်ခံအမှန် စာချုပ် တင်ပြ၍ မြေအမည်ပြောင်း လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲ မှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

မေ ၂၅ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့် ဦးဆောင်သောအဖွဲ့ ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေသျှံကြီးကျေးရွာ အဝင်လမ်းရှိ လက်နှိပ်တုံကင်ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အမှတ်(၃)စက္ကူစက်(ပလိပ်)ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ပလိပ် ဇွန် ၂

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၃)စက္ကူစက်(ပလိပ်)၏ ၂၀၀၇–၂၀၀၈ပညာသင်နှစ်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် ကျောင်းသုံးဗလာစာအုပ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၅ ရက်က စက်ရုံမြွေဝါခန်းမ၌ ကျင်းပရာ စက်ရုံမှူး၊ ဒုတိယစက်ရုံမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ စက်ရုံမှူး ဦးအောင်နိုင်ဦးက ပညာသင် ထောက်ပံ့ကြေးနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ၂၀၀၇–၂၀၀၈ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ဝန်ထမ်းသားသမီး ၈၉ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၂၅၀၀၀ နှင့် ဗလာစာအုပ် ဒါဇင် ၆၀တို့ကို ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**
(က–ပ)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော အနောက်မြို့ပတ်လမ်းဘေး ဝဲယာတစ်လျှောက် လမ်းပခုံးများ စက်ယန္တရားများဖြင့် ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို မေ ၂၀ရက်က အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(သတင်းစဉ်)

လက်ခံယူ

ရန်ကုန်မြို့ ကိုင်းတန်းလမ်းနေ ရွှေမန်း သယ်ယူပို့ဆောင်ရေး မိသားစု ဦးကောင်းဟိန်း၊ ဦးကောင်းစိန်၊ ညီမ ဒေါ်ကျင်လွမ်နှင့် မိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ ဆေးပဒေသာပင်အတွက် ကျပ်ငွေ တစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်က လက်ခံယူစဉ်။

(၃၈၀)

ဝန်ထမ်းများ ရှက်ကုန်လှူ့ တက်စုံဖွင့်ပြီး စွမ်းအားမြှင့်တင် လုပ်ငန်းတိုင်း တိုးတက်အောင်မြင်အောင် ပူးပေါင်းစွမ်းဆောင်

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း(တောင်ပိုင်း) အလုပ်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအတွက် ပြည်ပမှ ရောက်ရှိလာသော ယာဉ်ယန္တရားများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး၊ အတွင်းရေးမှူး ဦးမောင်မောင်လတ်၊ ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးတင်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၅ ရက်က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (တောင်ပိုင်း)အလုပ်ရုံနှင့် မော်တော်ယာဉ်ဌာနသို့ ရောက်ရှိပြီး ရဲရွာ ရေအားလျှပ်စစ်စက်ရုံ စီမံကိန်းမှ ဘဲလင်းဓာတ်အားခွဲရုံနှင့် ရွှေစာရံ ဓာတ်အားခွဲရုံသို့ ဆက်သွယ်မည့် မဟာဓာတ်အားလိုင်း၊ ရဲရွာရေအား လျှပ်စစ်စက်ရုံစီမံကိန်းမှ မိတ္ထီလာဓာတ်အားလိုင်း၊ ဘဲလင်းမှမိတ္ထီလာ ဓာတ်အားလိုင်း စီမံကိန်းများတွင် အသုံးပြုရန်အတွက် ပြည်ပမှရောက်ရှိ လာသော ယာဉ်ယန္တရားများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့အား အလုပ်ရုံဌာနရှင်းလင်းခန်းမ၌ ပစ္စည်းစီမံရေးဌာန အထွေထွေမန်နေဂျာ ဦးသန်းဝင်းက ရဲရွာရေအား လျှပ်စစ်စက်ရုံစီမံကိန်းမှ ဘဲလင်းဓာတ်အားခွဲရုံနှင့် ရွှေစာရံဓာတ်အားခွဲရုံသို့ ဆက်သွယ်မည့်မဟာဓာတ်အားလိုင်း၊ ***စာမျက်နှာ ၃ ကော်လံ ၂*** ■

မိုးလေဝသအခြေအနေ ၁၈–၆–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် မိုးထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။

သနပ်ပင်မြို့နယ် ဒေသဘဲမွေးမြူရေးနှင့် မိဂိုးဖလာဘဲသားဖောက်လုပ်ငန်း ပြည်သူတို့၏စားသုံးမှုအတွက် အသားစားနှင့် ဥစားအများဆုံးဖြည့်ဆည်းပေး

သတင်းဆောင်းပါး

သန်းသန်းနနှင့် အေးသန္တာသိန်း
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၇

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် စီးပွားရေးကဏ္ဍသည် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ တိုင်းပြည်အေးချမ်းသာယာမည်ဖြစ်သည်။ စီးပွားရေး ဦးတည်ချက်(၄)ရပ်တွင် **"နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး"**ဟူ၍ ပါရှိရာ ပဲခူးတိုင်း သနပ်ပင်မြို့နယ်မှ ဒေသဘဲမွေးမြူရေးလုပ်ငန်းသည် ပြည်သူတို့၏စားသုံးမှုကို ကဏ္ဍတစ်ခုအနေဖြင့် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်၏စားသုံးမှုကို ဖြည့်ဆည်းပေးလျက်ရှိသော ပဲခူးတိုင်း သနပ်ပင်မြို့သို့ မေ ၅ ရက်က မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်ခဲ့သည်။ သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကြည်၏ စီစဉ်ပေးမှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ***စာမျက်နှာ ၄ ကော်လံ ၁*** ✻

NLD ပါတီခေါင်းဆောင်များ၏ ကိုယ်ကျိုးရှာလုပ်ရပ်များနှင့် အနောက်နိုင်ငံကြီးအချို့အပေါ် မှီခိုအားထားလွန်းပြီး နိုင်ငံနှင့်လူမျိုး အကျိုးပျက်စီးအောင် လုပ်ဆောင်နေမှုများကြောင့် အရာတော်မြို့နယ်မှ ပါတီဝင် ကိုးဦးနုတ်ထွက်

ရန်ကုန် ဇွန် ၁၇

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မကျီးကန်ကျေးရွာအုပ်စု ဝက်ပြစ်ရွာနေ ဦးညိမ်းမောင်၊ ဦးသိန်းအောင်၊ ဦးကံမြင့်နှင့် ဦးစံတင်တို့သည် မေ ၃၁ ရက်တွင် လည်းကောင်း၊ အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးညွန့်၊ ဦးချစ်တီး၊ ဦးအုန်းဖေ၊ ဒေါ်မန်းလှိုင်နှင့် ဒေါ်အုန်းကြင်တို့သည် ဇွန် ၃ ရက်တွင်လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်

စစ်ကိုင်းတိုင်းပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီခေါင်းဆောင်များ၏ ကိုယ်ကျိုးရှာလုပ်ရပ်များနှင့် အနောက်နိုင်ငံကြီးအချို့အပေါ် မှီခိုအားထားမှုလွန်ကဲပြီး သံရုံးများမှတစ်ဆင့် ညွှန်ကြားချက်များကို လိုက်နာအကောင်အထည်ဖော်ကာ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေမှုများကြောင့် NLD ပါတီတွင် ဆက်လက် ပါဝင်လိုခြင်းမရှိပါသဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး